မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၆၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဝိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်ခရိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားမှုကြည့်ရှု ရှောင်ပြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်စစ်ဆေး ဝါ၊ နှမ်း၊ ငရုတ်အပြင် စပါးတစ်သီးနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရှောင်မြို့နယ်မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၄

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနသို့ ရောက်ရှိလာရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ✡

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

ပဋိဇီဝဆေးများ သုံးစွဲခြင်းသည် ကလေးငယ်များအား ပန်းနာရောဂါဖြစ်စေနိုင်။

အင်တာနက် သတင်းနှင့် ဓာတ်ပုံ (စာ-၆)

❒ သတင်းစာဟူသည် သမိုင်းတစ်လျှောက် လူသားတို့ သိသင့်သော ပူပူနွေးနွေး လတ်တလောသတင်း ဖြစ်ရပ်များကို တင်ပြပေးသော မှတ်တမ်းများ ဖြစ်သည်။ သတင်းမှန်ရမည်၊ မြန်ရမည်။ အများ ပြည်သူသိသင့်သော ဖြစ်ရပ်များ ဖြစ်ရပေမည်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာ-၁၀)

တောင်ကိုရီးယား သရုပ်ဆောင် ဂျန်ဒေါင်ဂွန် (ဒါရိုက်တာရင်) ၁၄ နိုင်ငံမှ ပရိသတ်များနှင့် မွေးနေ့၌ တွေ့ဆုံ

အင်တာနက် သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းမှု ပူဇော်ထိုက်သူကိုပူဇော်ခြင်း မင်္ဂလာမည်ပါ၏

သဗ္ဗညုမြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးတွင် ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာသုံးရပ်ရှိသည်။ ယင်း သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာတည်းဟူသော ပိဋကသုံးသွယ်နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာတရားတော်တို့ မေးမှိန် ပျောက်ကွယ်ခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်စွာ တည်ရှိနေသမျှ သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ရာ မရောက်ဘဲ သက်တော်ထင်ရှား ရှိသည်နှင့်မခြား အလားတူပင် ဖြစ်သည်။

ရဟန်းသံဃာတော်အဆက်ဆက်တို့သည် အခြေခံမူလကျသည့် ပရိယတ္တိသာသနာတော် မညှိုး မှိန်စေရေးအတွက် တရားတော် ဓမ္မက္ခန္ဓာများကို သင်္ဂါယနာခြောက်တန်တင်၍လည်းကောင်း၊ တပည့် ရဟန်း သာမဏေအဆက်ဆက်တို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချ၍ လည်းကောင်း အစဉ် အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ဂုဏ်ရှိန် မြင့်မားလျက် ဆည်းကပ်ကိုးကွယ်ခွင့်ရရှိနေခြင်း ဖြစ်သည်။

“သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏” ဟူသော ဒေသနာတော်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံး လျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိ တာဝန်(ဂန္ထဓုရ)၊ ပဋိပတ္တိတာဝန် (ဝိပဿနာဓုရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာလှူဒါန်း ထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် ဆက်ကပ် လျက်ရှိသည်။

၁၃၆၇ခုနှစ် ပြာသိုလဆန်း ၆ ရက် (၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်) လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၆)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းခြင်းခံရသူ ၃၈၂ဦး၏ ဘွဲ့တံဆိပ်အမည် စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင် အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာ အခမ်းအနားကို မတ်လ၁၃ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သာသနနုဂ္ဂဟဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အပ်နှင်းသည်။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်သည် တပည့်သာဝက ရဟန်း ပရိသတ်၊ လူ ပရိသတ်ထဲမှ အရာဌာနအားလျော်စွာ ထင်ရှားသည့် ပုဂ္ဂိုလ်ထူးများအား ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးများ သတ်မှတ်ချီးမြှောက်ပေးအပ်ခဲ့သည့် အစဉ်အလာကိုယူလျက် ရှေးရှေး သာသနာပြုမင်းကောင်း မင်းမြတ် များနည်းတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ လွတ်လပ်ရေး နေ့ရောက်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ “ပူဇာစ၊ ပူဇနေယျာနံ” ပူဇော်ထိုက်သူတို့အား ပူဇော်ခြင်းသည် မင်္ဂလာမည်၏ ဟူသော ၃၈ဖြာ မင်္ဂလာတရားတော်နှင့်အညီ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည် အချင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းသည် ပူဇော်ထိုက် သူကို ပူဇော်ခြင်း မင်္ဂလာမည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် သစ်အခြေခံစက်ရုံဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၁၄

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းက ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့နယ် စက်မှုဇုန်(၂)၌ ကျင်းပသည့် မြန်မာကျွန်းသစ်စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ သစ်အခြေခံစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ စက်ရုံ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးပြီး ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းရှိသည့် သစ်ခွဲသားများ၊ လွှသွေးစက်ခန်းနှင့်သစ်ခွဲစိတ်လည် ပတ်ပုံ အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် စက်ရုံခန်းမ၌ စက်ရုံမန်နေဂျင်း ဒါရိုက်တာ ဦးကြည်စိန်က စက်တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှာစကား ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တင်ပို့ရောင်းချမည်

အဆိုပါစက်ရုံသည် ကျွန်း၊ ပျဉ်းကတိုး အပါအဝင် အင်၊ ကညင်သစ်များကို အဓိကခွဲစိတ်၍ ခွဲသားများ၊ ပရိဘောဂများ၊ ပါကေးများ၊ သစ်ပါးလွှာများ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၅–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနှင့် အိမ်ကလေး”** (အပိုင်း–၆)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကောင်းကင်သိုင်းကွက်”** (အပိုင်း–၁၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့် ပဟေဠိ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၅	Myanmar Video Rhythm
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ကုသမနေ့ တီဘီဆေး (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး)
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (စောဝီလျံသိန်းနှင့် စောဖွဲလေး)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ဝတီးဖျားမှ နန္ဒာကန် (အပိုင်း–၁)
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	တက်သစ်စလွင်ပြင် အဆိုပြိုင်ပွဲ (ယုဇန–ပဋိပက္ခ)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ဆီးချို၊ သွေးချိုရောဂါအကြောင်း ဟောပြောချက် (အပိုင်း–၂)
၁၁း၁၀	ပြည်တွင်း သတင်းအကျဉ်း
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ပိုးသတ်ဆေး ဥပဒေအကြောင်း ဟောပြောချက်
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	အသက်ရှည်ရာ ရှည်ကြောင်း ကိုယ်တွေ့နည်းလမ်းကောင်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Liverpool-Fulham	5-Sports (Live)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် ဆရာတော်များအား ဆက်ကပ်လှူဒါန်းရန် အလှူငွေပေးအပ်လှူဒါန်းပွဲ တက်ရောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူတော်မူ ရရှိကြသည့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းရန် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အလှူရှင် ရွှေမြိုင်စတိုးနှင့် ရွှေမြိုင် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်လင်း(ခ)မောင်ကောင်းမိသားစုက အလှူငွေပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို အလှူခံယူတော်မူရရှိကြသည့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းရန် အလှူရှင် ရန်ကုန်မြို့ ဗိုလ်ရွဲလမ်း အမှတ်(၁၅၆)နေ ရွှေမြိုင်စတိုးနှင့် ရွှေမြိုင်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်လင်း(ခ)မောင်ကောင်းမိသားစုက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေကိုလက်ခံပြီး အလှူရှင်အား မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသ ကြွရောက်တော်မူပြီး သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အလှူရှင်တို့ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာ

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ခုနှစ်တွင် ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူ ရရှိတော်မူကြသည့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းရန် အလှူငွေ ကျပ် ၁၀ သိန်း တစ်ထောင်နှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသအား နဝကမ္မ အလှူငွေများကို အလှူရှင် ဦးအောင်လင်း(ခ) မောင်ကောင်း မိသားစုက ပေးအပ်လှူဒါန်းရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က လက်ခံပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

လှူဒါန်းမှုအစုစု

ထို့နောက် ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

ရန်ကုန် မတ် ၁၄

၂၀၀၆ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်မည့် (၄၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့် ဆောင်းပါး ပြိုင်ပွဲနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကျင်းပပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆုငွေ ကျပ် ၇၅၀၀၀နှင့် စာစီစာကုံးပြိုင်ပွဲ အတွက် ပထမဆုငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၇၅၀၀၀၊ တတိယ ဆုငွေကျပ် ၅၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ဆောင်းပါးပြိုင်ပွဲအတွက် မည်သူမဆို ယှဉ်ပြိုင်နိုင်ပြီး စာလုံးရေ ၅၀၀၀ ထက် မကျော်လွန်ရပါ။ ဆောင်းပါးအတွက် အထောက်အကူပြု ဓာတ်ပုံဇယား စသည်တို့ဖော်ပြနိုင်သည်။ စာစီစာကုံး ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်သည့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံစာပါရှိရ မည်ဖြစ်ပြီး စာလုံးရေ ၃၀၀၀ထက် မကျော်လွန်ရပါ။

ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှစ်ရပ်လုံးအတွက်သတ်မှတ်ချက် မှာ ပြိုင်ပွဲနှစ်ရပ်လုံးအတွက် သတ်မှတ်ခေါင်းစဉ်သည် **"လျှော့ချကာကွယ် သဘာဝဘေးအန္တရာယ်"**ဖြစ်သည်။

စာမူကို လက်နှိပ်စက်၊ ကွန်ပျူတာလက်ရေး စသည်ဖြင့် ရေးသား ပေးပို့နိုင်ပြီး စာမျက်နှာတစ်ဖက်တည်းတွင် သပ်ရပ်စွာရေးသားပေးပို့ရမည်။ မူရင်းစာမူအပြင် မိတ္တူအပို တစ်စောင်ပေးပို့ရမည်။ ယှဉ်ပြိုင်ရန် ပေးပို့ သောစာမူသည် ယခင်က မည်သည့်စာစောင်၊ ဂျာနယ်၊ သတင်းစာတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိရ။ စာမူနှင့်အတူ စာရေးသူ၏ ကိုယ်ရေးအကျဉ်းချုပ်၊ ပတ်စပို့စ်အရွယ် ဓာတ်ပုံနှစ်ပုံ၊ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ (ဖုန်းရှိပါက ဖော်ပြရန်) ပူးတွဲပေးပို့ရမည်။ စာမူပေးပို့ရမည့် လိပ်စာမှာ ကမ္ဘာ့မိုးလေဝသနေ့ ကျင်းပရေးကော်မတီ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ မရမ်းကုန်းစာတိုက်- ၁၁၀၆၁၊ ရန်ကုန်မြို့ ဖုန်း- ၀၁-၆၆၀၈၂၄၊၆၆၅၆၆၉ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို ၁၅-၃-၂၀၀၆ ရက်**(ယနေ့)**အရောက် နောက်ဆုံးပေးပို့ရမည်။ ၁၅-၃-၂၀၀၆ရက် ကျော် လွန်မှရောက်ရှိသော စာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ ဆုရသူ များ၏ အမည်ကို ၂၀-၃-၂၀၀၆ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုများကို (၄၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သော၂၃-၃- ၂၀၀၆ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည့် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားတွင် စာတမ်းဖတ်ပွဲ ပါဝင်မည်ဖြစ်ရာ စာတမ်းဖတ်ကြားလိုသော ပညာရှင်များအနေဖြင့်လည်း ဆက်သွယ်စာရင်းပေးသွင်းနိုင်မည်ဖြစ်ပါသည်။ စာတမ်းရှင်များအတွက် ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ တုံ့ပြန်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင် စက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲပြင်ဆင်ထုတ်လုပ်မှုလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်သည် မန္တလေးတိုင်း မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၏ အထွေထွေမန်နေဂျာ ဦးထွန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ ရက်တွင် မြစ်ငယ်လူစီးတွဲနှင့်ကုန်တွဲစက်ရုံသို့ ရောက်ရှိကာ အိန္ဒိယနိုင်ငံမှ ဝယ်ယူပြီးတပ်ဆင်လျက်ရှိသည့် ဘီးအနားသားဂဟေဖို့သည့် ဂဟေစက်နှင့် အသုံးအဆောင်များ၊ ကွိုင်စပရိန် ထုတ်လုပ်ရေးအတွက် အသုံးပြုသည့် စက်ကိရိယာများ၊ တွဲသစ်များ ထုတ်လုပ်ရန်အတွက် လိုအပ်နေသည့် ဘိုဂီအသစ်များကို ပြည်တွင်း၌ စတင်ထုတ်လုပ်နေမှု၊ ဘိုဂီအဟောင်းများကို ဆယ်တင်ပြင်ဆင်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ) **မြစ်ငယ်စက်ရုံသည် ယခုအခါ ဘိုဂီဘီးစုံတွဲများကို အရှိန်အဟုန်မြှင့်တင် ထုတ်လုပ်ခဲ့ရာ ပထမအသုတ် ဘိုဂီ ၄၀ ပြီးစီးပြီဖြစ်၍ လူစီးတွဲ ၂၀ထုတ်လုပ်ရန်အတွက် အဆင်သင့်ဖြစ်နေကြောင်း၊ လုပ်ငန်းစနစ်များ အသားတကျရှိစေရေးအတွက်လည်း လုပ်ငန်း ခွင်သင်တန်းများဖြင့် လေ့ကျင့်လျက်ရှိကြောင်း သိရှိရသည်။**



ဆွေးနွေးမှာကြား

ယင်းနောက်ဒုတိယဝန်ကြီးသည် လုပ်ငန်းရုံအသီးသီးမှ အရာရှိများနှင့် အလုပ်ရုံစုမှူးများအား တွေ့ဆုံ၍ လူစီးတွဲ အကြီးတန်းပြင်ဆင်မှု လစဉ် အရေအတွက် ၃၀ ရာခိုင်နှုန်း မြှင့်တင် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၉ ရက်တွင် မြို့ဟောင်းယာဒ်ဝင်း၌ တည်ဆောက်လျက်ရှိသည့် ကုန်ရုံ အသစ်သို့ ရောက်ရှိ၍ သတ်မှတ်ရက် မတိုင်မီ ပြီးစီးရေး၊ ကုန်ရုံအသစ်တွင် ကုန်တင်၊ ကုန်ချ မြန်ဆန်ရေး အပါ အဝင် တွဲဆိုင်းလည်ပတ်မှု မြန်ဆန်စေ ရေးကိစ္စများ၊ ကုန်ဝင်၊ ကုန်ထွက်နှင့် ကုန်စည်စီးဆင်းမှု ဆိုင်ရာများကို ဆွေးနွေးပြီး မြို့ဟောင်းကုန်တွဲစစ်ဆေး ပြင်ဆင်ရုံ၌ တွဲများကို စနစ်တကျ ပြင်ဆင်ရေးနှင့် အရန်ပစ္စည်းလိုအပ် ချက်များကို တီထွင်ထုတ်လုပ်ရေး အတွက် မှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၁၀ ရက်တွင် ရွာထောင်ဒီဇယ်စက်ခေါင်း စက်ရုံသို့ သွားရောက်၍ စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ဒီအမ်ယူ ရထားတွဲဆိုင်း အသစ်တစ်ဆိုင်း တည်ဆောက်ပြီးစီးနေမှု၊ သံလမ်းတစ် လျှောက်စစ်ဆေးရန် သံလမ်းပြေး ယာဉ်တည်ဆောက်နေသည့် လုပ်ငန်း၊ စက်ခေါင်းအကြီးတန်း၊ အလတ်တန်း ပြင်ဆင်နေသည့် လုပ်ငန်းများနှင့်ရုံ အလိုက် ဆောင်ရွက်နေသည့် လုပ်ငန်း များ၊ လုပ်ငန်းနည်းစနစ် လိုက်နာမှု၊ လုပ်ငန်းများစနစ်တကျ တိုးတက်ရေး အတွက် အပတ်စဉ် လုပ်ငန်းခွင်သင် တန်းနှင့် အရည်အသွေး ထိန်းသိမ်း ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးပြီး အလုပ်ရုံစုမှူးတို့ အားတွေ့ဆုံကာ စက်ရုံ၏ ထုတ်လုပ် မှုလုပ်ငန်းများတိုးတက်ရေး၊ တစ်ဦး ချင်း၊ တစ်ဖွဲ့ချင်း တိုးတက်ရေး အတွက် လုပ်ငန်းခွင်သင်တန်းများဖြင့် ဆက်လက်ပြုစု ပျိုးထောင်နေရေး၊ ရထားလုပ်ငန်းသည် ပြည်သူများကို စီးပွားရေး၊ လူမှုရေးအရ အကျိုးပြုနေ သည့် လုပ်ငန်းဖြစ်သဖြင့် စေတနာ ထပ်ပိုး၍ ဆောင်ရွက်ရေး၊ မိသားစုအပို ဝင်ငွေ ရရှိရေးအတွက် စက်ရုံရှိနေရာ လွတ်များ၌ ခြံစည်းရိုး ကြက်ဆူပင် မဖြစ်မနေ စိုက်ပျိုးရေးတို့ကို ဆွေးနွေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မတ် ၁၁ ရက်တွင် တိုင်း(၃)မန္တလေးမှ တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးဘူတာကြီး၌ ရထားလက်မှတ် ရောင်းချမှု၊ ခရီးသည်များ စိတ်ချမ်းမြေ့စေရေး အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မန္တလေး တွဲပြင်ရုံ၌ ဆောင်ရွက်သည့် လူစီးတွဲများ တွဲအောက်ပိုင်း စစ်ဆေးပြုပြင်မှုလုပ်ငန်း၊ ရေဖြည့်တင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းစီစဉ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးစက်ခေါင်းရုံ၌ စက်ခေါင်းများ မွမ်းမံနေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တိုင်း(၃)မန္တလေးမှဝန်ထမ်း ၂၃၀ တို့အား တွေ့ဆုံကာ နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းခြင်း၊ ရထားလုပ်ငန်းဆိုင်ရာများ တိုးတက်ရေး၊ ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဌာနအလိုက် ဆောင်ရွက်ပေးရမည့် တာဝန်များ ကျေပွန်ကြရေး၊ လုပ်ငန်းခွင်၌ စိတ်စေတနာကောင်းဖြင့် ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းဝင်ရောက်

ပါဆာဒီးနား မတ် ၁၄

အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ် (အမ်အာရ်အို)သည် အင်္ဂါဂြိုဟ် ပတ်လမ်းကြောင်း တစ်ခုအတွင်းသို့ ဝင်ရောက်သွားပြီ ဖြစ်သည့်အတွက် ယင်း၏ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး အစီအစဉ်မှ အရေးပါသော အဆင့်တစ်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်သွားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ် ပတ်လမ်းကြောင်းအတွင်းသို့ အမ်အာရ်အို အာကာသယာဉ်ဝင်ရောက်စဉ် ရေဒီယို အသံလွှင့်မှု ခေတ္တရပ်ဆိုင်းပြီးနောက် အောင်မြင်မှု သတင်းများ ပေါ်ထွက်လာသည်။

အာကာသယာဉ် အမ်အာရ်အိုသည် လာမည့် ခြောက်လအတွင်းတွင် အင်္ဂါဂြိုဟ်၏ သိပ္ပံဆိုင်ရာ အချက်အလက်များ စူးစမ်းမှု စတင်ရန် အကောင်းဆုံး အနေအထားသို့ ရောက်ရှိသည့်တိုင်အောင် အင်္ဂါဂြိုဟ်နှင့် အနီးကပ်နိုင်သမျှ အနီးကပ်ဝန်းပတ် ပျံသန်းမည် ဖြစ်သည်။



အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ် အမ်အာရ်အိုကို တွေ့ရစဉ်။

အမ်အာရ်အို အာကာသယာဉ်သည် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်နှင့်တကွ အင်္ဂါဂြိုဟ်၏ လေထုကို မကြုံစဖူး ထူးကဲစွာ အနုစိတ်လေ့လာမည် ဖြစ်သည်။ အမ်အာရ်အို စီမံကိန်းမန်နေဂျာ ချင်ဂရပ်ဖ်က "မိမိ အခုမှ အသက်ရှူချောင်သွားရပါကြောင်း" ဝမ်းပန်းတသာ ပြောကြားလိုက်သည်။

ဓာတ်ပုံရိုက်ယူ

အမ်အာရ်အို အာကာသယာဉ်တွင် ကင်မရာများတပ်ဆင်ထားသည်။ သိပ္ပံဆိုင်ရာ တိုင်းတာရေးကိရိယာ ခြောက်ခုပါဝင်သည်။ အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်ရှိ အရာဝတ္ထုများကို အနီးကပ်ဓာတ်ပုံရိုက်ယူနိုင်သည်။

ယခင်ရယူခဲ့သော အချက်အလက်များထက် ဆယ်ဆပို၍ အမ်အာရ်အို အာကာသယာဉ်က ရယူနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် အင်္ဂါဂြိုဟ်သို့ ဆင်းရမည့် နေရာများကိုလည်း အတိအကျ စူးစမ်းနိုင်မည်ဟု ဆိုသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ရထားလိုင်းများ တိုးချဲ့တည်ဆောက်

ပေကျင်း မတ် ၁၄

တရုတ်နိုင်ငံသည် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အမြန်မီးရထားလိုင်းနှစ်လိုင်း တည်ဆောက်ရန်အတွက် ဒေါ်လာဘီလီယံပေါင်းများစွာ သုံးစွဲသွားမည်ဖြစ်ကြောင်း မတ် ၁၃ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ရထားလိုင်းတစ်လိုင်းသည် သံလိုက်ဆွဲငင်အားသုံးနည်းပညာကို အသုံးပြု၍ ရှန်ဟိုင်းမြို့နှင့်အနီးရှိ မြို့များအား ဆက်သွယ်မည့်ရထားလိုင်းဖြစ်ပြီး ဒုတိယ ရထားလိုင်းသည် ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့ကို ဆက်သွယ်မည့် ရထားလိုင်းများကို အကောင်အထည်ဖော် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၏သံလိုက်ရထားတစ်စင်းကို တွေ့ရစဉ်။

ပါကစ္စတန်၌ စွန်လွှတ်မှုကြောင့် လူခုနစ်ဦးသေဆုံး

လာဟိုး(ပါကစ္စတန်) မတ် ၁၄

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတစ်ဝန်း နွေဦးရာသီပွဲတော်ကျင်းပစဉ်ကာလ သုံးရက်အတွင်း လူ ၁၄၀၀ကျော်ကို စွန်လွှတ်ခဲ့ခြင်းနှင့် စပ်လျဉ်းပြီး ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်နယ် အာဏာပိုင်များက ယင်းဒေသ၌ စွန်လွှတ်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။ အကြောင်းမှာ လူခုနစ်ဦးစွန်လွှတ်သည့် မှန်စာကြိုးနှင့် ထိခိုက်ကာ သေဆုံးခဲ့ရခြင်းကြောင့် ပိတ်ပင်ထားခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ယမန်နှစ်ကလည်း ယင်းဒေသတွင် လူ ၁၉ဦးသေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

သစ်တောထိန်းသိမ်းရေးအလေးထားမဆောင်ရွက်လျှင် အင်ဒိုနီးရှား၏သစ်တောများ ၁၅နှစ်အတွင်းပျောက်ကွယ်နိုင်

ဂျကာတာ မတ် ၁၄

အစိုးရက သစ်တောထိန်းသိမ်းရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်ခြင်းမရှိလျှင် အင်ဒိုနီးရှားသစ်တောများမှာ လာမည့် ၁၅နှစ်အတွင်း ပြုန်းတီး ပျောက်ကွယ်သွားမည့်လက္ခဏာရှိကြောင်း အမျိုးသား စိမ်းလန်းစိုပြည်ရေးကျွန်းစုကော်မတီဥက္ကဋ္ဌ အာနီဆူဒါဆိုနိုက ဂျကာတာမြို့တွင် တနင်္ဂနွေနေ့က ပြောကြားသည်။

သစ်တောများကို နှစ်စဉ် ဟက်တာ ၂ဒသမ ၈သန်းနှုန်းဖြုန်းဆီးပစ်နေလျှင် အင်ဒိုနီးရှားသစ်တောများမှာ လာမည့် ၁၅နှစ်အတွင်း ပျောက်ကွယ်သွားလိမ့်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဆူဒါဆိုနိုက ပြောကြားသည်။

အင်ဒိုနီးရှားတွင် သစ်တောဧရိယာ ဟက်တာ ၁၂၀ဒသမ ၃သန်းရှိသည့် အနက် ၂၀၀၀ပြည့် နှစ်မှ ၂၀၀၅ခုနှစ်အတွင်း ဟက်တာ ၅၉ဒသမ ၂သန်း ပြုန်းတီး ပျက်စီးကုန်ကြောင်း၊ သစ်တောများ ပျက်စီးသွားလျှင် ရေလွှမ်းခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်းစသော သဘာဝ ဘေးအန္တရာယ်များက တိုင်းပြည်အနှံ့ ကျရောက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုလှုပ်ရှားမှုကို မိမိတို့ ကော်မတီက စတင်တွန်းအားပေး ဆောင်ရွက်သွားမည်ဟုလည်း ဆူဒါဆိုနိုက ထုတ်ဖော်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆက်သွယ်ရေးဂြိုဟ်တု ပြင်သစ်လွှတ်တင်

ဂွာယာနာ မတ် ၁၄

ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားသည့် ဥရောပ၏ စွမ်းအားကြီးမားသည့် အာရီယာနီ(၅) ဒုံးပျံကို ပြင်သစ်နိုင်ငံ ဂွာယာနာမှ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ မတ် ၁၁ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အာကာသဆိုင်ရာ အရာရှိများက ပြောကြားသည်။

အဆိုပါ ဒုံးပျံသည် စပိန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြင်သစ်ဆက်သွယ်ရေးကုမ္ပဏီတို့အတွက် မက်ထရစ် ၁၀တန် အလေးချိန်ရှိသည့်ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ ဒုံးပျံကို ဖေဖော်ဝါရီ ၂၁ရက်က လွှတ်တင်ရန်စီစဉ်ထားသော်လည်း မြေပြင်ပံ့ပိုးမှုပစ္စည်းများနှင့်အတူ နည်းပညာပြဿနာများကြောင့် အစီအစဉ်သုံးကြိမ်ပျက်ခဲ့ရပြီးမှ မတ် ၁၁ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အင်္ဂလိပ်စာမှမလေးဘာသာပြန်ပေးမည့် ဆော့ဝဲလ်များ ခြောက်လအတွင်း မလေးရှားအပြီးဆောင်ရွက်မည်

ကွာလာလမ်ပူ မတ် ၁၄

မလေးရှားနိုင်ငံတွင် အင်္ဂလိပ်စာဖတ်ရန်အခက်အခဲရှိသော မလေးရှားလူမျိုးများအတွက် အင်တာနက်တွင် ခြောက်လအတွင်း ဘာသာပြန်ပေးမည့် ဆော့ဝဲလ်များ အသုံးပြုပေးသွားမည်ဖြစ်ကြောင်း ဒေသခံ မီဒီယာက မတ် ၁၁ရက်တွင် ဖော်ပြသည်။

စွန်လွှတ်ဆော့ကစားနေကြစဉ်။

ကွန်ပျူတာ လက်ထောက်ဘာသာပြန် (ကက်)ဟု ခေါ်သော အဆိုပါ ဆော့ဝဲလ်သည် အင်္ဂလိပ်ဝက်ဘ်ဆိုက်မှ မလေးရှားဘာသာစကားကို ဘာသာပြန်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း မလေးရှားအမျိုးသား ဘာသာပြန် သိပ္ပံဌာန (အိုင်တီအမ်အင်) အမှုဆောင်အရာရှိချုပ်နှင့် စီမံခန့်ခွဲရေးညွှန်ကြားရေးမှူး ရှာဟာရူဒင်က ပြောကြားသည်။

အိုင်တီအမ်အင်နှင့် မီမော့စ်ဘာဟက် ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဆိုပါ ဆော့ဝဲလ်သည် ခြောက်လအတွင်း ပြီးပြည့်စုံမည်ဟု မျှော်မှန်းထားကြောင်း ရှာဟာရူဒင်က ဘာနားမားသတင်းဌာနသို့ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြည်ပတင်ပို့မည့် သစ်ကြံပိုးခေါက်များ

ကိုလံဘို မတ် ၁၄



သီရိလင်္ကာနိုင်ငံသည် ပြည်ပသို့ သစ်ကြံပိုးခေါက်များ တင်ပို့နေသည့်နိုင်ငံဖြစ်သည်။ **(ယာပုံ)** သီရိလင်္ကာ နိုင်ငံအနှံ့မှရရှိသော သစ်ကြံပိုးခေါက်များကို ပြည်ပသို့တင်ပို့ရန် အတွက် ကော့စ်ဂိုဒါကျေးရွာအနီး တည်ဆောက်ထားသော သစ်ကြံပိုးခေါက်များ အချောထုတ်လုပ်ရေး စက်ရုံ၌ စနစ်တကျ ထုတ်လုပ်ကာ ပြည်ပတင်ပို့ခြင်း ဖြစ်သည်။

အများအပြားတင်ပို့

သီရိလင်္ကာနိုင်ငံမှ သစ်ကြံပိုးခေါက်များ ပြည်ပတင်ပို့ရာတွင် အာရပ် နိုင်ငံများနှင့် ဥရောပနိုင်ငံအများအပြားသို့ တင်ပို့လျက်ရှိသည်။ **(အင်တာနက်)**

တရုတ်ပြည်သူများ စာများများဖတ်စေရန် ၂၀၀၇ခုနှစ်ကို စာဖတ်ခြင်းနှစ်အဖြစ်သတ်မှတ်ရန်တိုက်တွန်း

ပေကျင်း မတ် ၁၄

၂၀၀၇ခုနှစ်ကို စာဖတ်ခြင်းနှစ်အဖြစ်သတ်မှတ်ပြီး ပြည်သူများ စာဖတ်မှတ်မှုတွင် စိတ်ဝင်စားလာအောင် အစိုးရက ပြုစုပျိုးထောင်ဆောင်ရွက်ပေးသင့်ကြောင်းဖြင့် တရုတ်နိုင်ငံရေးအကြံပေးပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

ထည့်သွင်းပြောကြား

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ နှစ်ပတ်လည်အစည်းအဝေးတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇီရှူက တိုက်တွန်းပြောကြားရာ၌ ကမ္ဘာ့လူဦးရေအများဆုံး ဖြစ်သည့် မိမိတို့နိုင်ငံတွင် ပြည်သူတို့ စာဖတ်မှုအခက်အခဲ ကျော်လွှားကာ စာအုပ် စာပေများ ဖတ်ရှုလေ့လာစေရန် ပြည်သူများကို ထိရောက်စွာ အားပေးသင့်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

စာဖတ်နေ

တရုတ်ပြည်သူများအကြား စာတတ်မြောက်မှုနှုန်း မြင့်မားလာသော်လည်း ယခုအခါ ပြည်သူအချို့သာလျှင် စာဖတ်နေကြောင်း ၎င်းက ပြောကြားလိုက်သည်။

လူဦးရေ သန်း ၁၃၀၀ရှိသည့် တရုတ်ပြည်တွင် ၅ရာခိုင်နှုန်းသာလျှင် စာအုပ်များကို ဖတ်ရှုလေ့လာလျက်ရှိကြကြောင်း ၂၀၀၅ခုနှစ်တွင်ထုတ်ပြန်သည့် တရုတ် ပုံနှိပ်ထုတ်ဝေရေးသုတေသနသိပ္ပံ၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြ ထားသည်။

အားရကျေနပ်

တရုတ်ပြည်သူများ မည်သည့်အတွက်ကြောင့် စာဖတ်ရန်နည်းရသနည်းဆိုသော် အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ကြောင်း အချို့ပညာရှင်များက ပြောကြားကြသည်။

အင်တာနက်ကို မကြာခဏအသုံးပြုခြင်းက အလေးအနက်တွေးခေါ်မှု မပြုတော့ဘဲ အနည်းငယ်မျှ သိရှိသည့် အသိလေးအပေါ် ပြည်သူတွေ အားရကျေနပ် သွားစေနိုင်ကြောင်းဖြင့် ဇီရှူက စောဒကတက်လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်း ၃၄၀၀ခန့်က ခြင်္သေ့ရုပ်တု

နှစ်ပေါင်း ၃၄၀၀ခန့်က ခြင်္သေ့ပုံသဏ္ဌာန်ရုပ်တုတစ်ခုကို တွေ့ရစဉ်။

(အောက်ပုံ)

အဆိုပါ ရုပ်တုကို အီဂျစ်နိုင်ငံ လူဇောမြို့အနီးတွင် အခြားရုပ်တု ၁၇ခုနှင့်အတူ ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး ကျောက်တုံးများကို သဘာဝအတိုင်း ထုလုပ်ထားခြင်းဖြစ်သည်။ အီဂျစ်နှင့်ဂျာမနီ သုတေသနပညာရှင်များက ၎င်းရုပ်တုသည် ခြင်္သေ့တစ်ကောင်၏ပုံသဏ္ဌာန် ထုလုပ်ထားခြင်းဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၃၄၀၀ခန့်က ရုပ်တုဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ကြီးမားသော တူတစ်စုံ

ကြီးမားသော တူတစ်စုံကို တရုတ်နိုင်ငံ၌ တွေ့ရစဉ်။

(အပေါ်ပုံ)

တရုတ်နိုင်ငံ ချုံကျင်းမြို့၌ တရုတ်တို့စားသောက်ရာတွင် အသုံးပြုသည့် တူကြီးတစ်စုံကို ပြုလုပ်ထားရာ ၎င်းတူကြီးများ၏ အရှည်သည် ၅ဒသမ ၅မီတာရှိပြီး ကြေးဖြင့်ပြုလုပ်ထားကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်စစ်စခန်းများချထားမှု ဂျပန်ပြည်သူတို့ ကန့်ကွက်ဆန္ဒပြ

အိုင်ဝါကူနီ မတ် ၁၄

ဂျပန်နိုင်ငံ အိုင်ဝါကူနီမြို့နေ ပြည်သူအများစုက ဒေသဆိုင်ရာ အမေရိကန် စစ်စခန်းတိုးချဲ့ရေးကို ပြတ်ပြတ်သားသား ဆန့်ကျင်ဆန္ဒမဲပေးကြကြောင်းဖြင့် အမေရိကန်တပ်များ ထွက်ခွာရေး ပြည်သူ့ဆန္ဒခံယူပွဲတွင် ဖော်ပြကြသည်။

အဆိုပါ မဲပေးမှုမှာ ဂျပန်အစိုးရအပေါ် စည်းနှောင်အားမရှိသော်လည်း ဂျပန်အစိုးရနှင့်အမေရိကန်အစိုးရတို့ သဘောတူပြီးဖြစ်သည့် စာချုပ်အပေါ်တွင် ဖိအားပေးနိုင်ကြောင်း သတင်းထောက်များက ပြောကြားသည်။

ရေတွက်ပြီးစီးသမျှ ထက်ဝက်နီးပါး မဲအရေအတွက်တွင် ထိုတပ်စခန်း တိုးချဲ့ရေးအစီအစဉ်ကို ကန့်ကွက်သူနှင့်ထောက်ခံသူ ခုနစ်ချိုးတစ်ချိုးရှိသည် ဆို၏။

တိုကျိုမြို့ အနောက်တောင်ဘက် မိုင် ၄၅၀ရှိ အိုင်ဝါကူနီမြို့ရှိ တပ်စခန်းသို့ အမေရိကန်က လေယာဉ်၅၇စင်းနှင့် တပ်ဖွဲ့ဝင် ၁၆၀၀တို့ ပြန်လည်နေရာချထားရေးကို အဆိုပြုခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ ဝင်ပေါင်း ၄၀၀၀၀နှင့် ၅၀၀၀၀ကြားရှိသည်။ သို့သော် ပင်လယ်ရပ်ခြားတွင် စစ်အခြေစိုက်စခန်းများအား ဆက်သွယ်ရေး ပိုမိုလွယ်ကူစေရန်၊ ပြန်လည်နေရာချထားရန် အမေရိကန်စစ်ဌာနချုပ်က စီစဉ်သည်။

ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ကိစ္စမှာ အတိမ်းအစောင်း မခံသော အကြောင်းအရာတစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၁၉၉၅ ခုနှစ်က အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးက အိုကီနာဝါ၌ ဂျပန်ကျောင်းသူလေးတစ်ဦးအား အဓမ္မပြုကျင့်ခဲ့ခြင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့ချထားမည့်အရေးကို ဇာမာမြို့နေ ပြည်သူ ၂၀၀၀နီးပါးတို့က စနေနေ့တွင် ကန့်ကွက်ဆန္ဒပြနေကြခြင်းတို့ကြောင့် ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆန်တာမော်နီကာကမ်းခြေတွင် အေ-၃၆ လေယာဉ်တစ်စီး ပျက်ကျသွားသည်ကို မတ် ၁၃ရက်က တွေ့ရစဉ်။ (ယင်းလေယာဉ် ပျက်ကျမှုကြောင့် အမေရိကန် ရုပ်မြင်သံကြား အားကစားအစီ အစဉ်မှူးဟောင်းနှင့်ဇနီးတို့ သေဆုံးသွားခဲ့ရသည်။) **ဓာတ်ပုံ-အင်တာနက်**

နိုင်ငံတကာ သတင်းများ

ရုရှား၌ရဟတ်ယာဉ်ပျက်ကျ

မော်စကို မတ် ၁၄

ရုရှားနိုင်ငံအနောက်မြောက်ပိုင်းတွင် လူ ၁၉ဦးစီးနင်းလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်း စနေနေ့က ပျက်ကျခဲ့သည်။ ယင်းရဟတ်ယာဉ်ပျက်ကျမှုကြောင့် တစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားသတင်းအေဂျင်စီက ပြောကြားသည်။

ရဟတ်ယာဉ်သည် နီနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဗာရမ်ဒီ အရပ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများအား ဆေးကုသရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ၎င်းရဟတ်ယာဉ်တွင် ခရီးသည် ၁၆ဦးနှင့် လေယာဉ်အမှုထမ်းသုံးဦး လိုက်ပါလာခဲ့သည်။

ခရီးသွားများသည် လွန်ခဲ့သော တစ်နှစ်က ဗာရမ်ဒီ အရပ်တွင် လေယာဉ်ပျက်ကျစဉ် သေဆုံးခဲ့သူများ၏ ဆွေမျိုးများဖြစ်ကြသည်။ ၎င်းတို့သည် လေယာဉ်ပျက်ကျခြင်း နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားတက်ရောက်ရန်အတွက် လာရောက်ကြခြင်း ဖြစ်သည်။

၂၀၀၅ခုနှစ် မတ် ၁၆ရက်က လေယာဉ်ပျက်ကျခြင်းကြောင့် လေယာဉ်ပေါ်ပါခရီးသည် ၅၂ဦးတွင် ၂၈ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူအများအပြားသည် ရေနံကုမ္ပဏီမှ ဝန်ထမ်းများ ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နှလုံးရောဂါဖြစ်ပွားမှု လျော့နည်းစေမည့်ဆေးဝါး

ဘာလင် မတ် ၁၄

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် နှလုံးရောဂါဖြစ်ပွားမှုမှ လျော့နည်းစေသော အက်စပရင်ဆေးများကို ထုတ်လုပ်လျက်ရှိရာ ဆေးဝါးများစံချိန်စံညွှန်းမီရေးကို စစ်ဆေးသူများက စနစ်တကျ စစ်ဆေးလျက် ရှိသည်။

ဂျာမနီနိုင်ငံမှထုတ်လုပ်သော အက်စပရင်နှလုံးဆေးများသည် နှလုံးရောဂါတိုးမြင့် ဖြစ်ပွားမှုကို လျော့ကျစေကြောင်း၊အရည်အသွေးကောင်းမွန်သော ဆေးဝါးများ ဖြန့်ဖြူးနိုင်ရန်အတွက်သာလိုအပ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ပျဉ်းမနားမြို့ တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများစစ်ဆေး
နိုင်ငံတစ်ဝန်းလုံးနှင့် နိုင်ငံခြားစာဖြေဌာနအပါအဝင် ၁၂၂၃ခုတို့၌ တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပ

ရန်ကုန် မတ် ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနဖြစ်သည့် ပျဉ်းမနားမြို့ အထက(၁)စာဖြေဌာနသို့ ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ က ရောက်ရှိပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး များအား စာမေးပွဲဖြေဆိုလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ စိတ်လက်ကြည်သာစွာဖြေဆိုနိုင်ရေး၊ စနစ်တကျ စည်းကမ်းတကျ ဖြေဆိုနိုင်ရေးတို့ကို မှာကြားသည်။

ဝိုင်းဝန်းကူညီ

ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ ကျောင်းရှိ ရွှေရတုစာကြည့်တိုက် ခန်းမ၌ မန္တလေးတိုင်း ပညာရေးမှူး၊ ပျဉ်းမနားမြို့နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စာမေး ပွဲဆိုင်ရာ လုပ်ငန်းများကို စည်းကမ်း တကျ ဆောင်ရွက်ကြစေရန် မှာကြား ပြီး လုံခြုံရေးတာဝန်ကျ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စနစ်တကျ စည်းကမ်းတကျ ဖြေဆို နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင် ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အထက(၂)စာဖြေဌာန သို့ရောက်ရှိပြီး စာဖြေဌာန ကြီးကြပ် ရေးမှူးနှင့်အတူ စာဖြေခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။ စာဖြေ သူများ စနစ်တကျဖြေဆိုနေကြသည် ကို တွေ့ရှိရပြီး ဝန်ကြီးက ကြီးကြပ် ရေးမှူးနှင့်လက်ထောက်ကြီးကြပ်ရေးမှူး များအား စာမေးပွဲဆိုင်ရာ စည်းကမ်း များကို တိကျစွာ လိုက်နာဆောင်ရွက် ကြရန် မှာကြားသည်။

ပြန်လည်ပြုပြင်

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အလက(၁)စာဖြေဌာန သို့ရောက်ရှိပြီး စာဖြေဌာနကြီးကြပ် ရေးမှူးနှင့်အတူ စာဖြေခန်းများကို လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ် သည်များကို ဆွေးနွေးမှာကြားပြီး အလက(၁)တွင် ပြင်ဆင်ရန်လိုအပ် သည့် စာသင်ဆောင်များကို ပြန်လည် ပြုပြင်ရန် မှာကြားသည်။

၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ ကို နိုင်ငံတစ်ဝန်းလုံးတွင် စာဖြေဌာန ၁၂၀၉ခု၊ နိုင်ငံခြားစာဖြေဌာန၁၄ခု စုစုပေါင်းစာဖြေဌာန၁၂၂၃ခုတို့တွင် ယနေ့မှစ၍ ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု
အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်စည်ကား

ရန်ကုန် မတ် ၁၄

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမု ဘုရားမျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ ပဉ္စမနေ့အဖြစ် ဆက်လက်ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အထည် အလိပ်ထုတ်ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ စားသောက် ကုန်ပစ္စည်းများ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ ဆေးဝါး၊ အလှ ကုန်နှင့် အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ကြွေထည် မြေထည်ဖန်ထည်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ စက္ကူနှင့် ဓာတုဗေဒပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ အပ်ချုပ်စက်များ၊ စက်ဘီးများ၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများ စသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း အမယ် ၃၄၅ မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများဖြင့် စည်ကား လျက်ရှိသည်။

ဈေးပွဲတော်လာရောက်သူများအား နေ့စဉ် ညနေ ၅ နာရီမှ ၇ နာရီအထိ အနုပညာရှင်များက တေးသံများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဆက်လက်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ဂျန်ဒေါင်ဂွတ်(ဒါရိုက်တာရင်)
၁၄နိုင်ငံမှ ပရိသတ်များနှင့် မွေးနေ့ပွဲ၌ ရင်းရင်းနှီးနှီး တွေ့ဆုံ

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဂျန်ဒေါင်ဂွတ်(ဒါရိုက်တာရင်)သည် သူ၏မွေးနေ့ဖြစ်သော မတ် ၇ ရက်က ကျင်းပသည့် မွေးနေ့ပွဲအခမ်းအနားတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ သူ၏ပရိသတ် ၁၀၀၀ ခန့်နှင့် ပျော်ရွှင် ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

၎င်း၏မွေးနေ့ပွဲသို့ တက်ရောက်လာသော ဂျပန်၊ တရုတ် စသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပရိသတ် ၁၀၀၀ခန့်ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် ကိုအိတ်စ်ဇာတ်ရုံခန်းမကြီး၌ ဂျန်ဒေါင်ဂွတ်(ဒါရိုက်တာရင်)က ပျော်ရွှင်နွေးထွေးစွာ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံမှုအခမ်းအနားတွင် ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ကောင်ဟွန်ဂျင်၊ ရုပ်မြင်သံကြားဇာတ်လမ်းသရုပ်ဆောင် ဂျိုဂျင်မို၊ ကေစီအမ် အဆိုတော်အဖွဲ့ဝင်များဖြစ်သည့် ပက်ဟို၊ ရှန်နှင့် အေဝမ်းတို့လည်း တက်ရောက်အားပေးခဲ့ကြသည်။

ဂျန်ဒေါင်ဂွတ် (ဒါရိုက်တာရင်)သည် သူ၏မွေးနေ့ပွဲကို သီတင်းတစ်ပတ် ကြိုတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး သူ၏ မွေးနေ့ရက်များ၌ ဂျပန်နိုင်ငံသို့ ၎င်းပါဝင်သရုပ်ဆောင်ထားသည့် "တိုင်ဖွန်း"ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ သွားရောက်ရန်ရှိသောကြောင့် ဖြစ်သည်။ **(ကိုးကားချက်-အင်တာနက်)**

ပင်္ဂိုဇီဝဆေးများသုံးစွဲခြင်းသည်
ကလေးငယ်များအား ပန်းနာရောဂါဖြစ်စေနိုင်

ပင်နီဆီလင်ကဲ့သို့သော ပဋိဇီဝဆေးများသုံးစွဲခြင်းသည် မွေးကင်းစ ကလေးငယ်များအား ပန်းနာရောဂါ ဖြစ်ပွားစေကြောင်း ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ကနေဒါနိုင်ငံရှိကလေးငယ်ပေါင်း ၁၂၀၈၂ဦးအား လက်တွေ့သုတေသန ပြုလေ့လာခဲ့ရာ တစ်နှစ်နှင့် နှစ်နှစ်အရွယ် ကလေးများအား **(အပေါ်ပုံ)** ပဋိဇီဝ ဆေးသုံးစွဲကုသခဲ့ပါက ငယ်ရွယ်ချိန်တွင် ပန်းနာကဲ့သို့သော ရောဂါများဖြစ်ပွားမှု ပိုမိုများပြားစေကြောင်း တွေ့ရှိရသည်ဟု လေ့လာဆန်းစစ်ချက်၌ ဖော်ပြထား သည်။

ထို့အတူ အမေရိကန်ဆေးဘက်ဆိုင်ရာ ဂျာနယ်တစ်စောင်တွင်လည်း တစ်နှစ်အရွယ်ကလေးငယ်များကို ပဋိဇီဝဆေးဝါးများဖြင့် အသုံးပြုကုသခံခဲ့ ရပါက အသက်အရွယ်တဖြည်းဖြည်း ရရှိလာချိန်တွင် ပန်းနာရောဂါဖြစ်ပွားမှု ရှိစေနိုင်သည်ဟု ရေးသားထားသည်။

ကနေဒါရှိ ကလေးငယ်၁၂၀၈၂ဦး တွင် ပဋိဇီဝဆေးသုံးစွဲသူကလေးငယ် ၁၈၁၇ဦးသည် ပန်းနာရောဂါစွဲကပ်ခံရကြောင်း သုတေသနပြုသူများက တွေ့ရှိ ခဲ့ကြသည်။ အထူးသဖြင့် ပန်းနာရောဂါဖြစ်ပွားမှုသည် ကလေးငယ်ဘဝတွင် ပိုမိုဖြစ်ပွားကြောင်း သိရသည်။ **(ကိုးကားချက်-အင်တာနက်)**

တစ်ကိုယ်တော်အပြေးလေ့ကျင့်ခြင်းသည်
ဦးနှောက်ကို အနည်းငယ်သာအကျိုးပြု

လူများအနေဖြင့် တစ်ကိုယ်တည်း အပြေးလေ့ကျင့်ခြင်းသည် **(အောက်ပုံ)** ဦးနှောက်ကို အကျိုးပြုမှု အနည်းငယ်မျှသာဖြစ်စေကြောင်း ဆေးသိပ္ပံပညာရှင် များက ပြောကြားလိုက်သည်။

လူများသည် အများအားဖြင့် တစ်ကိုယ်တည်းအပြေးလေ့ကျင့်မှုပြုလုပ် ခြင်းသည် ကျန်းမာရေးအတွက်ကောင်းမွန်ပြီး ဦးနှောက်အာရုံကြောများ လန်းဆန်းစေသည်ဟူသော ယူဆချက်သည် အနည်းအကျဉ်းသာမှန်ကန်ကြောင်း ပညာရှင်များက ပြောကြားသည်။

အမေရိကန် ပရင့်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ပြောကြား ချက်အရ ဦးနှောက်ခွန်အားဖြစ်စေရန် အခြားနည်းလမ်းများသာ အသုံးပြုသင့် ကြောင်း အကြံပြုထားသည်။

အချို့သော ကိုယ်လက်လေ့ကျင့်ခန်းများသည် ဦးနှောက်ကိုပြောင်းပြန် အကျိုးများသက်ရောက်စေကြောင်းလည်း ဦးနှောက်နှင့်ဆိုင်သော လေ့လာ သုတေသနပြုချက်များ၌ ရေးသားဖော်ပြထားသည်။

ပြေးခြင်းသည် အဆစ်အမြစ်ရောင်ရမ်းခြင်းဖြစ်စေတတ်သည့် ဟော်မုန်း ဓာတ်တစ်မျိုးကို တိုးမြင့်စေပြီး ဦးနှောက်ဆဲလ်အသစ်များဖြစ်ပွားမှုကို လျော့ကျ စေနိုင်ကြောင်း ဦးနှောက်နှင့် အာရုံကြောများဖြစ်စဉ်ဆိုင်ရာ၌ ဆေးပညာရှင် များက ရေးသားထားသည်။ **(ကိုးကားချက်-အင်တာနက်)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ကမ္ဘာ့အသေးငယ်ဆုံး ရုပ်သံဖမ်းစက်

တောင်ကိုရီးယားနိုင်ငံကထုတ်လုပ်လိုက်သော ရုပ်သံဖမ်းစက်လေးသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးသော ရုပ်သံဖမ်းစက်တစ်ခုဖြစ်သည်။ ၎င်း ရုပ်သံဖမ်းစက်လေးကို YP-T5ဟု အမည်ပေးထားပြီး တောင်ကိုရီးယား နိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါရုပ်သံဖမ်းစက်လေးသည် အရှည် ၅ ဒသမ ၄ စင်တီမီတာရှိပြီး အလေးချိန် ၂၄ ဂရမ်သာရှိကြောင်း သိရသည်။ ၎င်းစက်လေး၏ စွမ်းရည်မှာ မီဂါဘိုက် ၅၁၂ ရှိပြီး စီဒီဖွင့်စက်တစ်ခုနှင့် ပုံစံတူပြီး အသံဖမ်းစက်လေးဖြင့် လည်း ဒီဇိုင်းပုံစံတူညီသည်။

အသံဖမ်းယူရာတွင် လရောင်စွမ်းအားဖြင့်ပင် အလုပ်လုပ်နိုင်စွမ်းရှိရာ ဝန်ဆောင်မှုအများအပြားကို ဆောင်ရွက်ပေးနိုင်စွမ်းရှိသည်။ ၎င်းရုပ်သံဖမ်းစက် တွင် အသေးငယ်ဆုံးသော ဖန်သားမျက်နှာပြင်တစ်ခုပါရှိကြောင်း သိရသည်။ **(ကိုးကားချက်-အင်တာနက်)**

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် အယ်လ်ဒီပီပါတီ၏ နိုင်ငံခြားရေးရာမူဝါဒညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ နိုဘူတာကာမချိမူရာနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် အယ်လ်ဒီပီပါတီ၏ နိုင်ငံခြားရေးရာ မူဝါဒညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာနိုဘူတာကာမချိမူရာနှင့်အဖွဲ့သည် ယနေ့ညနေ ၃နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဇီဇဝါရိပ်သာသို့လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာနိုဘူတာကေးအိုဒါနီးနှင့် သံမှူး မစ္စတာ အိချီရိုမာရူယားမားတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပန်းတစ်ပွင့်တောင်စကြာရှင်စေတီတော် ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ပေါ်ရှိ စကြာရှင်ဆယ့်တစ်မီးငြိမ်း မူလရှေးဟောင်းစေတီကိုငုံ၍ ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေ ပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်ကကြီးမှူး၍ ဉာဏ်တော် ၇၂ပေ၊ ဖိနပ်တော် ၇၂ပေရှိ အများကောင်းမှုတည်ထားသည့် စကြာရှင်ဆယ့်တစ်မီးငြိမ်း စေတီတော်ကြီးနှင့် အရံစေတီတော်များ ရွှေထီးတော်တင် မဟာမင်္ဂလာပွဲကို (တန်ခူးလဆန်း ၁၂ ရက်) ဧပြီ၉ရက်(တနင်္ဂနွေနေ့)တွင် စည်ကားစွာကျင်းပမည်ဖြစ်ပြီး သံဃာတော်များ ဆွမ်းဆက်ကပ်၍ ညှော့ပရိသတ်များ ညှော့ခံကျွေးမွေးကာ ညပိုင်းတွင် ရုပ်ရှင်သရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ ချောရတနာတို့က ရွှေသရဖူ မိုးဇော်ဗိုဆိုင်းအဖွဲ့နှင့် တွဲဖက်၍ နှစ်ညညှော့ခံမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အဘိဓမ္မာပြန့်ပွားရေးအသင်း ဩဝါဒါစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၆)ကြိမ်မြောက် ဩဝါဒါစရိယပူဇော်ပွဲနှင့် သင်တန်းပြဆရာကြီးများအား ဂုဏ်ပြုထောမနာပွဲအခမ်းအနားကို မတ် ၁၇ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ အသင်းသူ အသင်းသားများနှင့် သင်တန်းသားများ ကြွရောက်ပူဇော်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

အသေးစားနို့နှင့်နို့ထွက်အစားအစာ နည်းပညာဖြန့်ဖြူးရေးစီမံကိန်းလုပ်ငန်းများ ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေး

ရန်ကုန် မတ် ၁၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသေးစားနို့နှင့် နို့ထွက်အစားအစာထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖြန့်ဖြူးရေးသင်တန်းစီမံကိန်းလုပ်ငန်းများ တိုးတက်မှု ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ Grand Plaza Parkroyal Hotel၌ ကျင်းပရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping ၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဒေသဆိုင်ရာ အကြီးတန်းအရာရှိ Dr. Hans Gerhard Wagnerနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းလုပ်ငန်းတာဝန်ခံ ဒေါက်တာအောင်ကြီးက စီမံကိန်းကာလအတွင်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အဖွဲ့လေးဖွဲ့ခွဲ၍ နို့စားနွားမွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်များကို ချမှတ်ကာ အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အသေးစားနို့နှင့် နို့ထွက်အစားအစာထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖြန့်ဖြူးရေးသင်တန်း စီမံကိန်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှစတင်ခဲ့ခြင်းဖြစ်၍ စီမံကိန်းကာလအတွင်း ရက်တိုသင်တန်း၁၁ကြိမ်နှင့် လုပ်ငန်းခွင်အရောက်သင်တန်းကိုးကြိမ်ပို့ချခဲ့ပြီး တစ်နိုင်ငံလုံးမှ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သူ ၅၆၇ဦးတို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းကို ရန်ကုန်နှင့် မန္တလေးရှိ သင်တန်းစခန်းများ၌ ဧပြီလမှစ၍ ပြန်လည်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၁၄

မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသော အင်းစိန် စော်ဘွားကြီးကုန်းရပ်ကွက် အသောကာရုံရွှေကျင်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ရွှေကျင်နိကာယ ကျောက်တန်းမဟာဗောဓိတောရ ဂိုဏ်းထောက်အင်းစိန်မြို့နယ် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်(ရွှေကျင်)ဆရာတော် ဘဒ္ဒန္တနန္ဒသာရ(သာသနဓဇဓမ္မာစရိယ)အရှင်သူမြတ်ကို တပည့်ဒါယကာ ဒါယိကာမများက စုပေါင်း၍ ဂုဏဝိသိဋ္ဌပူဇာသဘင်ကို မတ်၁၉ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အကြိုတရားပွဲများအဖြစ် မတ် ၁၆ရက်တွင် သီရိမင်္ဂလာမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ တွံတေးအရှင်ဣန္ဒက၊ မတ် ၁၇ ရက်၌ သာကေတ ပါဠိကာရီကျောင်းတိုက်ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂိသ၊ မတ်၁၈ရက်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ပါဠိဌာန ပါမောက္ခ ဘဒ္ဒန္တထေရိန္ဒာဘိဝရတို့က ညစဉ်၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ စဝ်စံထွန်းရပ် မင်္ဂလာဂူကျောင်းတိုက်အတွင်း၌ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး ဦးဝိစိတ္တသာရဦးစီး၍ ပထမပွဲ (တပေါင်းလပြည့်ကျော် ၅ ရက်မှ ၁၁ရက်အထိ) မတ်၁၈ရက်မှ ၂၄ရက်အထိ၊ ဒုတိယပွဲ (တန်ခူးလဆန်း ၄ရက်မှ၁၀ရက်အထိ) ဧပြီ ၁ ရက်မှ ၇ရက်အထိကျင်းပအပ်သော မိုးကုတ်ဝိပဿနာခုနစ်ရက်တရားစခန်းပွဲကြီးတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဖွဲ့စုံသာသနာရာမကျောင်းတိုက် ဓမ္မာသနမိုးကုတ်ရိပ်သာကျောင်းမှ ဆရာတော် ဦးဝိစိတ္တနယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်မှ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ပဋိစ္စသမုပ္ပာဒ် သင်တန်းနှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်ဆောင်ရွက်မှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ သန့်ရှင်းသပ်ရပ်ရေးနှင့် လမ်းပန်းသွားလာမှု ချောမွေ့စေရေးတို့နှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့်ကာ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက် ၆နာရီခွဲက ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံအနီး၌ ဦးချစ်မောင်လမ်းတစ်လျှောက် ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုး ခင်းကျင်းနေမှုနှင့် လမ်းဘေးရေနုတ်မြောင်းများ ရေစီးကောင်းမွန်စေရန် အုတ်စီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းနီးမှစတင်၍ ဦးထောင်ဘိုလမ်း မြောက်ဘက်ခြမ်းလမ်းသားကောင်းမွန်စေရန် စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု အခြေအနေကိုလည်းကောင်း၊ လမ်းမတော်မြို့နယ်၌ မဟာဗန္ဓုလလမ်း၊ လမ်းသစ်လမ်းနှင့် ဝါးတန်းလမ်းအကြား အကျယ် ၅၅ပေ ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု အခြေအနေကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်၌ ကမ်းနားလမ်းကို သီရိမင်္ဂလာဈေးရှေ့၌ စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုအခြေအနေများနှင့် မရမ်းကုန်းမြို့နယ်၌ ကျိုက်ဝိုင်းဘုရားလမ်းမြောက်ဘက်ခြမ်းတစ်လျှောက် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

အရည်အသွေး

ယင်းနောက် မြို့တော်ဝန်က သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား လမ်းများ တာရှည်ခိုင်ခံ့စေရန်၊ လမ်းသားအရည်အသွေး ပြည့်မီစေရန်နှင့် လမ်းပေါ်ရေမတင်စေရေးတို့အတွက် လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် သွက်လက်လျင်မြန်စွာဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက် ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်၅ ၉လမ်း သီရိမွန်အိမ်ရာ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာဦးလှမြင့်-ဒေါ်မြမြဝင်း မိသားစုက ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းကို ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	အတီးပြိုင်ပွဲ
၈:၀၀	၇။	မြူးမြူးကြွကြွယဉ်ကျေးမှု အက
၈:၁၀	၈။	အဆိုပြိုင်ပွဲ
၈:၂၀	၉။	ဘော်ဘင် ရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ခုနှစ်)
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြုအားလုံး) [သင်္ချာ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၅	၆။	အကပြိုင်ပွဲ
၁၇:၁၀	၇။	သီချင်းကြီးပဒေသာ
၁၇:၂၀	၈။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၉။	**"အနိုင်အရှုံး"** ပိစိ၊ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၄၀	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၅၀	၁၁။	ရင်းငြိမ်ရေထိန်းတံခါး
၁၈:၀၀	၁၂။	ညနေခင်းသတင်း
၁၈:၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၄။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀	၁၅။	**"သတင်းကောင်း"** သျှားညို၊ဆုပန်ထွာ၊ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
၁၉:၂၀	၁၆။	(၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၉:၃၀	၁၇။	ဆင်းရွှေလီနွေစပါး (အပိုင်း-၂)
၁၉:၄၀	၁၈။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**"တို့တစ်ရွာလုံးချမ်းသာပြီ" ဆန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊တက္ကသိုလ်ငွမ်းပုံ (ဒါရိုက်တာ-တင်အောင်ရွှေ၊ သုတေသီ)**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

အရည်အသွေးပြည့်ဝသောစည်းရုံးရေးမှူးကောင်းများဖြစ်ရန်ပျိုးထောင်
ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်
ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မစိုက်ပျိုးရေးပူးပေါင်းပါဝင်

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မတ်၁၂ရက် ညနေ၄နာရီက မကွေးတိုင်း မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာရပ်ကွက်အသင်းစည်းရုံးရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ရှေးဦးစွာ မြို့သစ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သူနှင့် အလုပ်အမှုဆောင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသီးသီးတင်ပြကြသည်။

အတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အား အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် စည်းရုံးဆောင်ရွက်သွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး မှာကြားသည်။

အတွင်းရေးမှူး ဦးအောင်သောင်းသည် မတ်၁၃ရက် နံနက်၈နာရီတွင် မြို့သစ်မြို့နယ် မန်ကျည်းကုန်းကြီးကျေးရွာအခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း ကျင်းပသည့် မန်ကျည်းကုန်းကြီးကျေးရွာအုပ်စုလုံးကျွတ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာစုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပြုလွှာလက်ခံ

အစီအစဉ်အရမန်ကျည်းကုန်းကြီးကျေးရွာပြည်သူများကိုယ်စား စည်းရုံးရေးမှူး ဦးမောင်ဌေးက အသင်းဝင်အဆိုပြုလွှာ ၄၆၁စောင်ကိုလည်းကောင်း၊ အင်းရွာကြီးကျေးရွာပြည်သူများကိုယ်စား စည်းရုံးရေးမှူး ဦးအောင်ကျော်တင့်က အသင်းဝင်အဆိုပြုလွှာ ၆၀၀ကိုလည်းကောင်း စုစုပေါင်း အသင်းဝင် အဆိုပြုလွှာ၁၀၆၁စောင်ကိုပေးအပ်ကြရာ အတွင်းရေးမှူး ဦးအောင်သောင်းက အဆိုပြုလွှာများကို လက်ခံသည်။

ထို့နောက် မန်ကျည်းကုန်းကြီးကျေးရွာပြည်သူများကိုယ်စား စည်းရုံးရေးမှူးဦးမောင်ဌေးနှင့် အင်းရွာကြီးကျေးရွာပြည်သူများကိုယ်စား စည်းရုံးရေးမှူး ဦးအောင်ကျော်တင့်တို့က အသင်းဝင်အဆိုပြုလွှာပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အင်တိုက်အားတိုက်ပါဝင်

ယင်းနောက်အတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းကြီးအနေဖြင့် မွန်မြတ်သန့်စင်သောရည်ရွယ်ချက်များဖြင့် အမျိုးသားရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိရာ အသင်းဝင်များသည် မိမိတို့ရပ်ကွက်ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

အတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်းသည် နံနက်၉နာရီခွဲတွင် မကွေးတိုင်း နတ်မောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ကျေးရွာစည်းရုံးရေးမှူးများက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရည်အချင်း၊ အရည်အသွေးပြည့်ဝသော စည်းရုံးရေးမှူးကောင်းများဖြစ်ရန် လေ့ကျင့်ပျိုးထောင်ရေး၊ အသင်းဝင်အင်အားတိုးပွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ အထူးသဖြင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မစိုက်ပျိုးရေးအတွက် ကျေးလက်ပြည်သူများနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မွန်းတည့် ၁၂ နာရီတွင် နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာရှိ ရွာမွန်ဝါကြိတ်စက်ရုံသို့ ရောက်ရှိပြီး ဝါစေ့နှင့် ဝါခွဲခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ကြိတ်ခွဲပြီး ဝါးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပြုလွှာပေးအပ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်း နတ်မောက်မြို့နယ် စိုင်းကောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ဆည်လည်ကျေးရွာအုပ်စု ပန်းညိုကျေးရွာအုပ်စု၊ မြင်းတဲကြီးကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စု၊ ကျောက်တန်းကျေးရွာအုပ်စု၊ နဘူးကွဲကျေးရွာအုပ်စု၊ လျှော်ချောင်းကြီးကျေးရွာအုပ်စု၊ သစ်လှကျင်းကျေးရွာအုပ်စုနှင့် ရေငံကျေးရွာအုပ်စုတို့မှ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရဆည်လည်ကျေးရွာအုပ်စု၏ အသင်းဝင်အဆိုပြုလွှာ ၂၀၀၀၊ ပန်းညိုကျေးရွာအုပ်စု၏ အသင်းဝင်အဆိုပြုလွှာ ၁၅၀၀၊ မြင်းတဲကြီးကျေးရွာအုပ်စု၏ အသင်းဝင်အဆိုပြုလွှာ ၂၀၀၀၊ ဥယျာဉ်ကျေးရွာအုပ်စု၏ အဆိုပြုလွှာ ၁၀၀၀၊ ရွာတော်ကျေးရွာအုပ်စု၏ အဆိုပြုလွှာ ၉၃၈ စောင်၊ ကျောက်တန်းကျေးရွာအုပ်စု၏ အဆိုပြုလွှာ ၁၅၀၀၊ နဘူးကွဲကျေးရွာအုပ်စု၏ အဆိုပြုလွှာ ၁၅၀၀၊ လျှော်ချောင်းကြီးကျေးရွာအုပ်စု၏ အဆိုပြုလွှာ ၂၀၀၀၊ သစ်လှကွင်းကျေးရွာအုပ်စု၏အဆိုပြုလွှာ ၁၀၀၀နှင့် ရေငံကျေးရွာအုပ်စု၏ အဆိုပြုလွှာ ၁၀၀၀၊ အသင်းဝင်အဆိုပြုလွှာ စုစုပေါင်း ၁၄၄၃၈ စောင်ကို ကျေးရွာပြည်သူများကိုယ်စား ကိုယ်စားလှယ်အသီးသီးက ပေးအပ်ကြရာ အတွင်းရေးမှူး ဦးအောင်သောင်းက လက်ခံသည်။

ထို့နောက် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကိုယ်စားလှယ်အသီးသီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို တင်ပြကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရေး၊ ကျေးလက်ပြည်သူများဝင်ငွေတိုးစေရန် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မ စိုက်ပျိုးရေးအတွက် ကျေးလက်ပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရေး အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ပျော်ဘွယ်မြို့သို့ ရောက်ရှိပြီး မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော ချည်မျှင်စက်ရုံ စီမံကိန်း (ပျော်ဘွယ်)၏ စီမံကိန်းမြေနေရာကို ကြည့်ရှုသည်။

မှာကြား

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို မြေပုံဖြင့်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များ မှာကြားသည်။

ညနေပိုင်း၌ ဝန်ကြီးသည် ရမည်းသင်းမြို့ ရွှေစားရွာအနီးရှိ ဆပ်ပြာစက်ရုံသို့ရောက်ရှိစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆိုပြုလွှာများလက်ခံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း နတ်မောက်မြို့နယ် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာများကို လက်ခံစဉ်။

(သတင်းစဉ်)

ညောင်ကန်အေး ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၄

ရွှေပြည်သာမြို့ ညောင်ကန်အေးရွှေပြည်သာ သာသနာ့ရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အာစိဏ္ဏ(ရွှေဘို)ဆရာတော်ကကြီးမှူး၍ (၂၁)ကြိမ်မြောက် သင်္ကြန်ကာလ ၁၀ရက်တရားစခန်းပွဲကို ဧပြီ၇ရက်(သောကြာနေ့)မှ ဧပြီ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့)အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများ၊ တရားစခန်းဝင်လိုသူများ ဧပြီ၂ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပြီး အရဏ်ဆွမ်းတစ်နပ် ကျပ်၂၀၀၀၀၊ နေ့ဆွမ်းတစ်နပ် ကျပ် ၃၅၀၀၀၊ အချိုပွဲတစ်ရက် ကျပ် ၁၀၀၀၀၊ ရဟန်းတစ်ပါး ကျပ်၇၀၀၀၊ ရှင်တစ်ပါးကျပ်၅၀၀၀ဖြင့် လှူဒါန်းလိုသူများသည် ဖုန်း-၆၁၀၃၆၃၊ ၆၁၀၉၄၇၊ ၆၁၁၁၄၉တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် သီလရှင်ဝတ်လိုသူများ မိမိဝတ်စုံဖြင့် လာရောက်ရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ **(၀၄၆)**

မိုးကုတ်ဝိပဿနာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၄

မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ တရားစခန်းပွဲကို ကံသာအနောက်ကျောင်း(ဝဲကျွန်းထိန်သစ်ရပ် ထားဝယ်မြို့)၌ ဧပြီ ၁၁ ရက်(တန်ခူးလဆန်း ၁၄ ရက်) မှ ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်) အထိ ဖွင့်လှစ်မည်ဖြစ်သည်။

မိုးကုတ်ဝိပဿနာသင်္ကြန်တရားစခန်းပွဲတွင် နယ်လှည့်ဓမ္မကထိက အရှင်သုန္ဒရ ကမ္မဋ္ဌာနာစရိယ ဆရာတော်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်းဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် လှူဒါန်းလိုသူများသည်ကံသာအနောက်ကျောင်းဆရာတော်ထံ ကြိုတင်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နွေရာသီအခြေခံ အဘိဓမ္မာသင်တန်း

ရန်ကုန် မတ် ၁၄

နွေရာသီအခြေခံအဘိဓမ္မာရက်တိုသင်တန်းကို ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း သင်တန်းခန်းမ၌ မတ် ၂၇ရက်မှ မေ ၂၆ရက်အထိ(စနေ၊ တနင်္ဂနွေနေ့)များ မှအပ နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း လာရောက်သင်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၈၄၅၇သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

၁၃၆၇ခုနှစ် (၂၀၀၆ခုနှစ်) တွင် ကျင်းပမည့် ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာ
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၆ရက် ၃-၄-၂၀၀၆ရက်(တနင်္လာနေ့)	မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ(၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၇ရက် ၄-၄-၂၀၀၆ရက်(အင်္ဂါနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၈ရက် ၅-၄-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)	၎င်း	သီလက္ခန္ဓဝဂ္ဂ ပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၉ရက် ၆-၄-၂၀၀၆ရက်(ကြာသပတေးနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၀ရက် ၇-၄-၂၀၀၆ရက်(သောကြာနေ့)	၎င်း	ဓမ္မသင်္ဂဏီ ပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၁ရက် ၈-၄-၂၀၀၆ရက်(စနေနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၃ရက် ၁၀-၄-၂၀၀၆ရက်(တနင်္လာနေ့)	၎င်း	မြန်မာဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊ သုတ်ပါထိက ပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယ ပါဠိအဋ္ဌကထာ သံယုတ္တနိကာယ ပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယ ပါဠိအဋ္ဌကထာ ဝိဘင်္ဂဒိ ပါဠိအဋ္ဌကထာ ပဋ္ဌိသမ္ဘိဒါမဂ္ဂ ပါဠိအဋ္ဌကထာ
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၄ရက် ၁၁-၄-၂၀၀၆ရက်(အင်္ဂါနေ့)	၎င်း	ပါဠိဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုတ်ပါထိကပါဠိ အဋ္ဌကထာ (၁) ဝိဘင်္ဂဒိ ပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလပြည့် ၁၂-၄-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)	၎င်း	ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ (၂) ဝိဘင်္ဂဒိ ပါဠိအဋ္ဌကထာ (၂)

ရန်ကုန်မြို့ရှိ မျက်စိအထူးကုဆေးရုံမှ ဆရာဝန်ကြီးများ သထုံခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသ

ရန်ကုန် မတ် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် မတ် ၈ ရက်မှ၁၀ ရက်အထိ မွန်ပြည်နယ် သထုံမြို့သို့ သွားရောက်၍ မျက်စိအခမဲ့ ခွဲစိတ်ကုသမှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးရာ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာစိုးဝင်းဌေး၊ ဒေါက်တာညိုညိုမြင်း၊ ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာစန္ဒာမြင့်နှင့် သူနာပြုဆရာမများဖြစ်ကြသော နော်မရီးတာဦး၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ယုဝါမောင်တို့ပါဝင်ကြပြီး သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင် လူနာပေါင်း ၁၈၇၇ ဦးတို့အား စမ်းသပ်ကြည့်ရှုကုသပေးခဲ့ကြကာ အတွင်းတိမ်ဝေဒနာရှင်နှင့် မျက်စိရောဂါဝေဒနာရှင် စုစုပေါင်း၂၂၃ဦးတို့အား အတွင်းတိမ်ခွဲ၊ မှန်ထည့် အခမဲ့ခွဲစိတ်ကုသပေးကြသည်။

အဆိုပါ အဖွဲ့ကို ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်၊ သထုံခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အလင်းစေတမန်အဖွဲ့သားများနှင့် အလှူရှင်များက လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။

အဆိုပါခရီးစဉ်အတွက် လိုအပ်သော မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ ဆေးဝါးပစ္စည်းများကို ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းကြပြီး ဆေးကုမ္ပဏီများဖြစ်ကြသည့် Alcon၊ Ashford၊ Ciba၊ Cipla၊ Fourteen Star Network ကုမ္ပဏီများကလည်း ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့မှ မျက်စိအထူးကုဆရာဝန်များ သထုံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင် လူနာများအား စမ်းသပ်ကြည့်ရှုကုသပေးစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

တင်ပြဆွေးနွေး

အစည်းအဝေးတွင် ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတက်ရောက်ရန် ပြည်ပနိုင်ငံအသီးသီးရှိ ရတနာကုန်သည်များထံမှ ပြန်ကြားချက်ရရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆပ်ကော်မတီများဖြစ်ကြသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများက ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားမှုအခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးက ပြပွဲအတွက် စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြသည်။

ယင်းနောက် အထွေထွေအပိုင်းတွင် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေတို့က (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

Myanmar CP Inter Club တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar CP Livestocks Co., Ltd. ၏ ပံ့ပိုးမှုဖြင့် ကျင်းပမည့် Myanmar CP Inter Club တင်းနစ်ပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် (က)အဆင့် အသင်းလိုက် ပြိုင်ပွဲအတွက် တစ်ဦးချင်းနှစ်ပွဲနှင့် နှစ်ယောက်တွဲတစ်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး လေးဦးနှင့် အများဆုံး ငါးဦး သတ်မှတ်ထားသည်။

(ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲ သုံးပွဲပါဝင်ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး ခြောက်ဦးနှင့် အများဆုံး ခုနစ်ဦး သတ်မှတ်ထားသည်။

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲလည်း ပါဝင်မည်ဖြစ်သည်။

ထည့်သွင်းကျင်းပမည်

ထို့အပြင် အသက်(၁၀)နှစ်၊ အသက်(၁၂)နှစ်နှင့် အသက်(၁၄)နှစ်နှင့်အောက် မျိုးဆက်သစ် လူငယ်တင်းနစ်ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲ၏ ပြိုင်ပွဲစည်းကမ်းများ သတ်မှတ်ထားရာ (က)အဆင့်အသင်းလိုက် ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့် တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

(ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့်အပြင် အသက်(၅၀)အထက် ပြည်နယ်နှင့် တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် နယ်မှ လာရောက်မည့် ကလပ်အသင်းများနှင့် လူငယ်သက်တန်းအလိုက် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ် အားကစားသမားများကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တည်းခိုရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

တက်ရောက်ရန်

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ် အားကစားသမားများသည် မတ် ၁၈ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ နှင့် ၃၈၁၉၉၁တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား လားရှိုးဂေါက်ကလပ်တွင် ကျင်းပ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ(Grand Royal Special Reserve Golf Championship 2006)ဖွင့်ပွဲအခမ်းအနားကို မတ်၁၁ရက် နံနက် ၆နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ရှိ လားရှိုးဂေါက်ကလပ်၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲတွင် အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမား ၁၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများ တီခုံ(၁၀)၌ နေရာယူကြပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ် (ရမခ) ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်၊ IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးနှင့် MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်ကစား

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် သန်းဝင်း(မူဆယ်)နှင့် ဝင်းနိုင်(ရမခ)တို့က Nett Total ၆၈ ချက်စီဖြင့် ပူးတွဲ ဦးဆောင်ကစားလျက်ရှိသည်။

ဗလ၊ ရွှေနန်းနှင့် လှမြင့်(မူဆယ်)တို့က Nett Total ၆၉ ချက်ဖြင့် ဒုတိယလိုက်ကြပြီး ကျော်သက်ပိုင်၊ ထန်အိတ်(စ်)၊ စိုးသိန်းနှင့် တင်ဝင်းတို့က Nett Total အချက် ၇၀ စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay Ltd.၊ Crusher Club Soda၊ Srixon နှင့် Grand Plaza Parkroyal Hotel တို့က အသီးသီး ပါဝင်ကူညီကြပြီး လားရှိုးဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၆ ခုနှစ် မတ်လ(၂၄)ရက်

"တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့"

World TB Day

2006 March 24

"Action for Life:towards a world free of tuberculosis"

ကျန်းမာရေးဝန်ကြီးဌာန

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အထိမ်းအမှတ် ယင်လုံအိမ်သာသုံးစွဲရေးနှင့် သန့်လေးသန့်အကြောင်း ဟောပြောပွဲကို မတ် ၁၀ ရက်က ကူးတို့ဆိပ်ရပ်ကွက် အမက (၁၇) ကျောင်းခန်းမတွင်ပြုလုပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရှိန် ဟောပြောရှင်းလင်းစဉ်။ (၂၅၉)

တိကျသော သတင်းမှတ်တမ်းမှသည် ခိုင်မာပြည့်စုံသော သမိုင်းစာမျက်နှာများဆီသို့

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ၂၂ရက်နေ့က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်စဉ် မြန်မာ့အသံဝန်ထမ်းဟောင်း ဦးသာဦးနှင့် တွေ့ဆုံစကားပြော ဖြစ်သည်။

ယင်းသို့တွေ့ဆုံစဉ် ဦးသာဦးက မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အရေးကြီးဖြစ်ရပ်များနှင့် ပတ်သက်သော သတင်းစာဖြတ်ပိုင်းများ သူ့တွင်ရှိနေကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ ဖဆပလအကွဲ အပြဲနှင့် အရေးအခင်းများစွာနှင့် ပတ်သက်သော သတင်းများကို သတင်းရော ဓာတ်ပုံပါဖြတ်ပြီး သီးခြားစာရွက်များပေါ် ကပ်ထားကာ စုဆောင်းထားခဲ့ကြောင်း၊ မိမိလက်ထဲတွင်ကြာလျှင် ပျက်စီးသွားနိုင်သဖြင့် မည်သည့်နေရာသို့ ပေးလှူပါက သင့်တော်ကောင်းမွန်မည်ဆိုသည်ကို အကြံပေးစေလိုကြောင်း မေးပါသည်။

ကျွန်တော်က ဦးသာဦး၏ မှတ်မှတ်ရရ စုဆောင်းထားချက်များသည် သမိုင်းကြောင်းအရ၊ မြန်မာ့နိုင်ငံရေးအရ အရေးပါသော အထောက်အထား မှတ်တမ်းများဖြစ်သဖြင့် ယနေ့ မြန်မာနိုင်ငံတွင် အသင်းဝင်အင်အား ၂၃ သန်းကျော်ရှိပြီး အမျိုးသားနိုင်ငံရေး တာဝန်များကို တက်ကြွစွာ ထမ်းဆောင်နေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသို့ ပေးလှူသင့်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်လည်း ၁၉၈၇-၈၈ မှ ၁၉၉၉ ခုနှစ် ဩဂုတ်လအထိ စုဆောင်းထားသည့် ဗိုလ်တထောင်၊ ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ်၊ ဂါဒီယန်နှင့် The Working People's Daily သတင်းစာ အစောင်ပေါင်းတစ်သောင်းကျော်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသို့ ၂၃-၉-၉၉ ရက်နေ့ကပေးလှူခဲ့ကြောင်း ပြောပြရာ ဦးသာဦး က သဘောတူလက်ခံခဲ့ပါသည်။

သတင်းစာဟူသည် သမိုင်းတစ်လျှောက် လူသားတို့ သိသင့်သော ပူပူနွေးနွေး လတ်တလောသတင်းဖြစ်ရပ်များကို တင်ပြပေးသော မှတ်တမ်းများ ဖြစ်သည်။ သတင်းမှန်ရမည်၊ မြန်ရမည်။ အများပြည်သူသိသင့်သော ဖြစ်ရပ်များဖြစ်ရပေမည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသီချင်းကြီး စိစစ်ရေးအဖွဲ့ဝင် ဦးမြကြီး (နဲ-ဦးမြကြီး၊ အမျိုးသားစာပေဆုရ)သည် ငယ်စဉ်ကတည်းက နေ့စဉ် မှတ်တမ်း(ဒိုင်ယာရီ) မှန်မှန်ရေးသည်။ နှစ်အလိုက်ဒိုင်ယာရီများ တစ်ထပ်ကြီး ရှိသည်ဟု ကြားရသောအခါ အားကျရပြန်သည်။ ဦးမြကြီးက ဂီတသမား ဖြစ်၍ သူ့လောကဆိုင်ရာများကို နေ့စဉ်မှတ်သားလာခဲ့ရာ သဘင်၊ ဆိုင်း၊ ဂီတဆိုင်ရာဘဏ္ဍာသိုက်ကြီးတစ်ခုပမာ စုဆောင်းထား ပြီးဖြစ်သည်။ ရှေ့နေ ဦးမောင်မောင်သည် မြန်မာနိုင်ငံ၏ပထမဦးဆုံး ဓာတ်ပြားမှစ၍ ခေတ်စဉ်ဓာတ်ပြားများစုဆောင်းခဲ့သည်။ မှတ်တမ်းတင် ခဲ့သည်။ သုတေသန ပြုလုပ်ကာ ဓာတ်ပြားအကြောင်းစာအုပ်ပြုစုနေသည်။

တက္ကသိုလ် မြတ်သူ

သတင်းစာဟူသည် သမိုင်းတစ်လျှောက် လူသားတို့ သိသင့်သော ပူပူနွေးနွေး လတ်တလောသတင်းဖြစ်ရပ်များကို တင်ပြပေးသော မှတ်တမ်းများ ဖြစ်သည်။ သတင်းမှန်ရမည်၊ မြန်ရမည်။ အများပြည်သူသိသင့်သော ဖြစ်ရပ်များဖြစ်ရပေမည်။ သတင်းစာသမားများ လိုက်နာကျင့်သုံးရမည့် စာနယ်ဇင်း ကျင့်ဝတ်များ ကမ္ဘာတွင်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရှိသည်။ မှန်ကန်သောဖြစ်ရပ်သတင်းများ၊ စုစည်းဖော်ပြသော မီဒီယာ (သတင်းစာ၊ သတင်းဂျာနယ်၊ သတင်း၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် စသည်)များသည် ယနေ့လူသားတို့၏ နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ)များဖြစ်ပြီး မနက်ဖြန်သမိုင်းမှတ်တမ်း၏ အစိတ်အပိုင်းများ ဖြစ်လာမည်။

သတင်းမှန်ကိုထိမ်ချန်၊ သတင်းမှားဖြင့် မှိုင်းတိုက်၊နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်သက်ပြီး မတော်လောဘတက်နေသူများ၏ သတင်းမှား၊ မုသားသတင်းဝါဒဖြန့်မှုကို အနက်(အမည်း) ရောင် စာနယ်ဇင်း ပညာရပ် (Black Journalism)ဟု ခေါ်ကြသည်။ သတင်းစာ စောင်ရေတက်ပြီး အမြတ်များများရအောင် ကာမရာဂဖြင့် မြှူဆွယ်သော စာနယ်ဇင်းပညာရပ်(Yellow Journalism) မျိုးသည်လည်းလူသားတို့ကို အကျိုးမပြုဘဲ အန္တရာယ်ကိုသာပေးသည်။ ထိုအနက်ရောင်၊ အဝါရောင် (အပြာရောင်) စာနယ်ဇင်းများသည် လူ့သမိုင်းမှတ်တမ်းမဝင်သည့်အပြင် သမိုင်းကိုပင် အဆိပ်အတောက်ဖြစ်စေနိုင်သည်။ သတင်းကို သစ္စာရှိစွာ၊ ပရိသတ်ကို သစ္စာရှိစွာဖြင့် သတင်းမှန်ပေးခြင်းကို မွန်မြတ်သောတာဝန်ဟု သတင်းစာ ဆရာစစ်စစ်များက ခံယူကြသည်။

သတင်းသည် ပြည်သူကိုတင်ပြသောနေ့များတွင် ဒိုင်ယာရီမှတ်တမ်း များဖြစ်ပြီး ကာလကြာသော် သမိုင်း၏ နောက်ဆက်တွဲစာကြောင်း စာပိုဒ်များဖြစ်လာသည်။ ထို့ကြောင့် သတင်းစုဆောင်းမှတ်သားခြင်း မျိုးသည် ပိုမိုကျယ်ပြန့်လာစေသင့်သည်။ မြန်မာ့စွယ်စုံကျမ်း ထူထူကြီး ၁၅ အုပ်ခန့်နှင့်နှစ်ချုပ်စာအုပ်ထူထူကြီး အုပ် ၂၀ခန့်တို့တွင်ပါသော စာသားများ၊ ရုပ်ပုံများကို ကွန်ပျူတာစီဒီရွှန် တစ်ချပ်တည်းဖြင့် သိုမှီး သိမ်းထားနိုင်သည်။ လိုအပ်ချိန်တွင် သိလိုသမျှကို ကွန်ပျူတာ၌ ပြန်ခေါ်ပြီး ကြည့်နိုင်သည်။ မိတ္တူကူးနိုင်သည်။ မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သမျှ ရတနာပုံခေတ်မှ ယနေ့အထိ သတင်းစာများကို တက္ကသိုလ် စာကြည့်တိုက်၊ အမျိုးသား စာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်တို့မှ ပြန်လည် စုဆောင်းပြီး စီဒီရွှန်များတွင်ထည့်သွင်းနိုင်ခဲ့သော် နိုင်ငံအတွက် အကျိုး ရှိမည်။ သုတေသီတို့အတွက်လည်း အသုံးဝင်မည်။ သမိုင်းအထောက် အထားကောင်းများ ဖြစ်လာမည်။

အနောက်နိုင်ငံများမှ သတင်းစာ၊သတင်းဂျာနယ်၊ သတင်း မဂ္ဂဇင်း တို့တွင် သတင်းထုတ်ပြန်သော ရက်စွဲ (Date Line) မပါကြတော့ပေ။ တနင်္လာနေ့က၊ ပြီးခဲ့သော အင်္ဂါနေ့ကဟု ညွှန်းတတ်သည်။ ထိုစာနယ်ဇင်း ထုတ်ဝေသော မျက်နှာဖုံးမှ နေ့စွဲကိုပြန်ကြည့်ကာ၊ ပြက္ခဒိန်လှမ်းကြည့်ကာ မည်သည့်ရက်ဖြစ်သည်ကိုပြန်ရှာရသည်။ ထိုသတင်းမဂ္ဂဇင်းကို အာရှထုတ်၊ ဥရောပထုတ် စသည်ဖြင့် ထုတ်ဝေသောအခါ မူလထုတ်ဝေသော ရက်စွဲနှင့် မတူတော့ပေ။ ယင်းသတင်းကို မျက်နှာဖုံးမပါဘဲဖြတ်သိမ်းလျှင် မှတ်တမ်း အတွက် အသုံးမဝင်နိုင်တော့ပေ။ သူတို့ဆီတွင် ယနေ့ထုတ်၊ ယနေ့ဖတ်၊ နောက်တစ်နေ့ ပြန်မသုံးတော့သည့် သဘောသဘာဝ ရှိပေသည်။ သတင်းကို မှတ်တမ်းအဖြစ် သိမ်းလျှင် ခုနှစ်၊ လ၊ နေ့ရက်ကို တိကျစွာ မှတ်ထားရန် လိုအပ်ပါသည်။

သတင်းမှတ်တမ်းများကို ခေတ်မီကွန်ပျူတာ နည်းပညာများဖြင့် ခေတ်အလိုက် စုစည်းမှတ်တမ်းတင်ခြင်းဖြင့် မြန်မာနိုင်ငံ၏သမိုင်းကို ပိုမိုပြည့်စုံအောင် အားဖြည့်နိုင်မည်ဖြစ်ပါသည်။ ။

ဖေဖော်ဝါရီ ၁၉ရက်က လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ တစ်ဆုပ်ဆန်လှူအသင်းမှ ကြီးမှူးကျင်းပသော တစ်ဆုပ်ဆန်-ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲကို အမှတ် (၉) ရပ်ကွက် အောင်ချမ်းသာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသာဇံတို့က မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများအား ဆွမ်းဆန်တော်များ ကပ်လှူစဉ်။
(၁၈၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်သူများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် မတ်၁၁ရက် မွန်းလွဲ ၂ နာရီက ဇေယျာဝတီတိုင်း မအူပင်မြို့ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မျိုးဆက်အားမာန်ခန်းမ၌ ရပ်မိရပ်ဖများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက တစ်နှစ်တာကာလအတွင်း အသင်းဝင်များ၏ ဆောင်ရွက်ခဲ့သည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဦးဌေးဦးက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်၊ အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ မိမိနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေအာဏာပိုင် အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းပြီး တိုးမြှင့်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ခရိုင်နှင့် မြို့နယ် အလုပ် အမှုဆောင်များ၊ အသင်းဝင်များက လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ဆောင်ရွက်မှုများကို တင်ပြကြရာ အထွေထွေအတွင်းရေးမှူး ဝန်ကြီးက လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွှန့်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၁၀ရက်က ကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်းကျောင်းသား မောင်နေဝင်းထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုက သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။(က-ပ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပူဇော်မည်

ရန်ကုန် မတ် ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် ပုသိမ်ခရိုင်အတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခုနစ်ပါးနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် သုံးဦးတို့အား ပုသိမ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို ဧပြီ ၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ်(၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဇေယျာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ပုသိမ်အသင်း ရာသက်ပန် အသင်းဝင်များ၊ ပုသိမ်ခရိုင်သူ ခရိုင်သားများ၊ ဓမ္မမိတ်ဆွေများ ဖိတ်စာ ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌဦးစိုးဟန်လင်း ဖုန်း-၀၉ ၈၀ ၂၃၃၀၇၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉ ၅၀၀ ၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃၊ ပုသိမ် အသင်း(ရန်ကုန်)ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မတ် ၁၂ရက်က ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၄-၂၀၀၅ခုပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင့်အေးအေးက ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြောင်မြို့နယ် မင်းတန်းရွာ မင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဩဘာသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် မတ် ၁၄

ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း မြောင်မြို့နယ် ကင်းကျေးရွာ ခမည်းတော် ဦး ကုလား ကြီး မယ်တော်ဒေါ်အိမ်ကြီးတို့မှ ၁၂၇၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၃ ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် မင်းတန်းရွာ မင်းကျောင်းတိုက်ဆရာတော် ဦးအာသဘကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ၁၂၉၄ ခုနှစ် ကဆုန်လဆန်း ၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် ကင်းရွာ ဥက္ကံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တသီဟကို ဥပဇ္ဈာယ်ပြုကာ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မင်းတန်းရွာ မင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာသဘ၊ ကျောက်ရစ်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၊ မြောင်မြို့ ဆင်ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တပညာ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် ဘဒ္ဒန္တဇဝန၊ ကံမြကျောင်း ဇောင်ချမ်းဆရာကြီး ဦးကြွက် စသည်တို့ထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၂၉၉ ခုနှစ်မှစ၍ မင်းတန်းရွာ မင်းကျောင်း၌ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးကာ တပည့် ရဟန်း သာမဏေတို့အား ပရိယတ္တိစာပေကို အခြေခံမှစ၍ သင်ကြားပို့ချခဲ့သည့်အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားခြင်း၊ ရှေးဟောင်းဘုရားများ ပျက်စီးယိုယွင်းနေသည်ကို ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့နယ်သံဃနာယကအဖွဲ့တွင် သုံးကြိမ် ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်ခြင်း စသည်ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ စသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဩဘာသအား နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ် မတ် ၁၂ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီ ၁၀ မိနစ်အချိန်တွင် မင်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူပြီး ရုပ်ကလာပ်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဩဘာသ ပျံလွန်တော်မူ

ရန်ကုန် မတ် ၁၄

နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်း မြောင်မြို့ မင်းတန်းရွာ မင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် သက်တော်(၉၅)နှစ် သိက္ခာတော်(၇၅)ဝါရှိ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဩဘာသ မဟာထေရ်သည် ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ မတ် ၁၂ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီ ၁၀ မိနစ်တွင် မင်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက ကျောက်ဆည်ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် လျာထားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာန ဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်ဧက ၁၀၀ ပျိုးဥယျာဉ်၌ ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်းများဖြင့် ပျိုးထောင်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် မျိုးကိုင်းများ စိုက်ပျိုးပေးကြပြီး ခင်းကျင်းပြသထားသည့် ခြံစည်းရိုးကြက်ဆူဆီသုံး ညှစ်စက်၊ စပါးရိတ်စက်၊ လယ်ယာ (၁၆) လက်တွန်း ထွန်စက်၊ ထွန်စက်ကြီးမြင်းကောင်ရေ ၅၀ တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားသည်။

မြို့ကြီးရေလှောင်တမံစီမံကိန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှာင်မြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူးဦးမျိုးထွန်းက တမံအောက်ခြေ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေလွှဲဥမင် ကျိုးကန်းတောင်ဘက်မှ စတင်ဖောက်လုပ်မှုနှင့် ရေသွယ်မြောင်းလမ်းကြောင်း ဖောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံဘက်စုံစီမံကိန်း ရှင်းလင်းဆောင်ရှေ့ ရှုရပ်မှလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေစိမ့်တားကွန်ကရစ်နံရံကို စက်ယန္တရားများဖြင့် ကွန်ကရစ်များ သွန်းလောင်းနေမှုနှင့် ရေလွှဲဥမင်ဖောက်လုပ်နေသည့် ကျိုးကန်းတောင်ခြေ၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် သံရွာပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်းရှိ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ အမျိုးသမီးလူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ရုံးခန်း၊ ဆေးပေးခန်း၊ ပြင်ပလူနာဌာနတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသခံယူနေသောလူနာများအား အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် သံရွာနှင့် နှောင်ခမ်းတံတား ဆက်သွယ်မည့် လမ်းအူကြောင်းသစ်ကိုလည်းကောင်း၊ သင်ဒီးမြောင်း လမ်းဆုံ၌ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) လမ်းအူကြောင်းကို လည်းကောင်း၊ လွန်ကျော်ကျေးရွာအုပ်စု စမြောင်ကျေးရွာနှင့် ရွာခိုင်ကြီးကျေးရွာလမ်းပိုင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်သားနှင့် ခရိုင်ချင်းဆက်လမ်း လမ်းဆုံသို့ ရောက်ရှိပြီး လမ်းပိုင်းနှင့်လမ်းအူကြောင်း အခြေအနေကို လည်းကောင်း၊ မိုင်းမောဖြတ်လမ်းသို့ ရောက်ရှိပြီး သရက်ပင် ကံဆွယ်ကျေးရွာအုပ်စုရှိ လမ်းပိုင်းကို လည်းကောင်း၊ မိုင်းမော လမ်းဆုံသို့ရောက်ရှိပြီး လမ်းပိုင်းနှင့် လမ်းအူကြောင်းအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်သားမြို့နယ် မြို့တွင်းကျေးရွာအနီး စက်ယန္တရားများဖြင့် မြေသားညှိ လမ်းဖောက်လုပ်မှုကို လည်းကောင်း၊ ကင်းတား လက်ဝဲမြောင်းမကြီးနှင့် ပွဲလုံးကျော် ရွာလမ်းဆုံသို့ ရောက်ရှိပြီး ကင်းတား လက်ဝဲမြောင်းမတံတားနှင့် လမ်းပိုင်းအခြေအနေများကို လည်းကောင်း၊ မြစ်သားမြို့နယ် ထိန်ကန်ကြီးကျေးရွာနှင့် ဝမ်းတွင်းမြို့နယ် ဂုံကျေးရွာသို့ ဆက်သွယ်သည့် ကင်းတား လက်ဝဲ မြောင်းကူးတံတားကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂုံကျေးရွာသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင်ပါဝင်သော ဂုံရွာနှင့် လှိုင်းတက်အထိ မြေသားလမ်းပြီးစီးမှုနှင့် ကြွယ်ကန်၊ အလယ်ကန်၊ မြောင်ဦး၊ နန်းတော်ကုန်း၊ လမ်းပိုင်းများအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂုံကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဝါ၊ နှမ်း၊ ငရုတ်အပြင် စပါးတစ်သီး စိုက်ပျိုးကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်များလည်း နေရာအနှံ့ စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) အတိုင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးရာ ညနေ ၄ နာရီတွင်လှိုင်းတက်ကျေးရွာသို့ ရောက်ရှိသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား လှိုင်းတက်ကျေးရွာရှိ မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက အထက်ပေါင်းလောင်းဆည်နှင့် လမ်းပိုင်းအခြေအနေ၊ မန္တလေးတိုင်းအတွင်းရှိ လမ်းပိုင်းများ အခြေအနေနှင့် ဆောင်ရွက်ဆဲလမ်းပိုင်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) (သာစည်) လှိုင်းတက်-(တပ်ကုန်း)ကင်းသာ လမ်းဆုံမှ ထွက်ခွာလာရာ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မိတ္ထီလာမြို့သို့ ရောက်ရှိပြီး ညော့ရိပ်သာ၌ ညအိပ်ရပ်နားသည်။

စနစ်တကျဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၇ နာရီက မန္တလေးတပ်နယ်ခန်းမ၌ မန္တလေးတပ်နယ်ရှိ အရာရှိစစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးနှင့်ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားပြီး အရာရှိစစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သုံးခွမြို့နယ် ဒေါစံမယ်တဲစုကျေးရွာ အခြေခံပညာမူလတန်း ကျောင်း ၂၀၀၄ - ၂၀၀၅ ခုနှစ် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၂ ရက်က ကျင်းပရာတတိယတန်း(Grade-4) ပထမဆုရ မ စုနှယ် ဖြိုးအား ကျောင်း အုပ်ဆရာမကြီးဒေါ်ခင်မိုးမိုးအေးက ဆုချီးမြှင့်စဉ်။

(က-ပ)

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်း ခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီးဦးထုပ် ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာတပ်ဆင်ချည်နှောင်စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့် အထက် တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါမော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သုံးခွ အထက(၁)နှင့် အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း သုံးခွမြို့ အထက(၁)နှင့် အထက(၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပထမအကြိမ် ပဒေသာပင်စိုက်ထူ ပူဇော်ပွဲကို ဧပြီ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် သုံးခွမြို့ အထက(၁)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ အထက် ဆရာ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ဦးသန်းထွန်း(ရွှေပင်ငွေပင်) ဖုန်း-၂၉၂၁၉၂၊ ဦးစောလှိုင် (လှကမ္ဘာ) ဖုန်း-၂၉၁၃၁၁၊ ဦးအုန်းကြွယ် ဖုန်း-ဖုန်း-၂၉၀၅၉၃၊ ဦးအောင်သန်း ဖုန်း-၅၇၁၄၁၇ နှင့် ဦးမြသိန်း ဖုန်း-၆၆၁၃၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် နွေရာသီအားကစားသင်တန်းများဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပသော ၂၀၀၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းများကို ဖွင့်လှစ်ပေးသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များက မြန်မာ့သိုင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဝူရှူးနှင့် စက်ဘီး အားကစားနည်းများဖြင့် သရုပ်ပြကြပြီး ဝန်ကြီးက အထက(၃) မင်္ဂလာတောင်ညွန့် ဘင်ခရာအဖွဲ့နှင့် သရုပ်ပြအဖွဲ့များ အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၆၂၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၁၁ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၊ ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံနှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်များရှိ သက်ဆိုင်ရာအားကစားနည်းအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ အားကစားရုံများ၌ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၈ နာရီခွဲတွင် တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၌ကျင်းပသည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီး မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင် သင်ကြားပို့ချမည့် ကွန်ပျူတာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

သင်တန်းသို့ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ နှစ်ဦး စုစုပေါင်း ၃၄ ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၇ ရက်အထိဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အပြည်ပြည် ဆိုင်ရာ လက်ဝှေ့ဒိုင်လူကြီး မွမ်းမံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်း များ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဝူရှူအဖွဲ့ချုပ်မှ သရုပ်ပြ လေ့ကျင့်မှုပြသစဉ်။ (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ခြေစစ်ပွဲ

အသက်(၁၉)နှစ်အောက် မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ထိုင်းနိုင်ငံ၌ မတ် ၅ ရက်မှ ၉ ရက် အထိ ကျင်းပခဲ့သော အသက်(၁၉)နှစ်အောက် အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ခြေစစ်ပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ(ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းသည် ပထမပွဲစဉ်၌ ဩစတြေးလျ အမျိုးသမီးဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်၌ ထိုင်းအမျိုးသမီး ဘောလုံး အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့သည်။

မြန်မာ(ယူ-၁၉) အမျိုးသမီးဘောလုံးအသင်းသည် အသက်ငယ်ရွယ်သူများဖြစ်ကြပြီး နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံမရှိသေးသူများဖြင့်သာ ဖွဲ့စည်းထား၍ ခြေစစ်ပွဲမအောင်မြင်သော်လည်း အတွေ့အကြုံကောင်း များ ရရှိခဲ့သည်။ အုပ်စု(ခ) ခြေစစ်ပွဲစဉ်၌ ဩစတြေးလျ အမျိုးသမီးဘောလုံးအသင်းက နှစ်ပွဲနိုင် ခြောက်မှတ် ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်သွားကြောင်း သိရသည်။

နည်းပြအဖွဲ့ပြောင်းလဲ

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်က မြန်မာအမျိုးသမီး ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးအေးမောင်လေး၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ကိုတို့က တာဝန် ယူဆောင်ရွက်ခဲ့ကြသည်။ နည်းပြချုပ် ဦးအေးမောင်လေး နှင့် လက်ထောက်နည်းပြ ဦးခင်မောင်ကိုတို့ တာဝန်ယူ ခဲ့သည့်ကာလ၌ အာဆီယံချန်ပီယံဆုဖလား ဆွတ်ခူးနိုင် ခဲ့ပြီး အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင် ခဲ့သည်။

ယခုအခါ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းကို နည်းပြအဖွဲ့သစ်ဖြင့် ပြောင်းလဲတာဝန်ပေးအပ် ထားပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းများ တာဝန်ခံအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် နည်းစနစ်ညွှန်ကြားရေးမှူး ဦးစိုးမြင့်လွင်အား တာဝန်ပေးအပ်ထားသည်။ မြန်မာ့လက်ရွေးစင် အမျိုး သမီးဘောလုံးအသင်း နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး (ကာကွယ်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မျိုး အောင်(ပြည်ထဲရေး)တို့ကို တာဝန်ပေးအပ်ထားသည်။

ပဏာမလက်ရွေးစင်

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းကို အားကစားသမား ၂၇ ဦးဖြင့် ပြန်လည်ရွေးချယ် ဖွဲ့စည်းထားပြီးဖြစ်သည်။ အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း(ပြည်ထဲရေး)၊ ငြိမ်းစုဇော်(ကာကွယ် ရေး)၊ မိုးမိုးစိန်(ပို့ဆောင်ရေး)၊ **(နောက်တန်း)** စန်းစန်း မော်၊ စန်းစန်းသိန်း၊ သီတာဦး(ပြည်ထဲရေး)၊ မိုးမိုးဝါ၊ နေဇာလင်းလင်းအောင်၊ စန်းယုနိုင်၊ မိုးမိုးထွေး(ပို့ဆောင် ရေး)၊ခင်ခင်ကြွယ်(ကာကွယ်ရေး)၊စုစုထွန်း(စက်မှု-၁)၊ **(အလယ်တန်း)** သူဇာထွေး၊ နွယ်နွယ်တိုး(ပြည်ထဲရေး)၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင်၊ မူမူလွင်(ပို့ဆောင်ရေး၊ အိအိအောင်(ကာကွယ်ရေး)၊ ငုဝါဝါစိုး (စက်မှု-၁)၊ အေးငြိမ်းသူ (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ **(ရှေ့တန်း)** ခိုင်ရွှေဝါ(အား/ကာသိပ္ပံ၊ မန္တလေး)၊ ဇင်မာဝမ်း (ပို့ဆောင် ရေး)၊ ဖူးပွင့်ခိုင်(ကာကွယ်ရေး)၊ နော်အားလိုဝါးဖော၊ မေသက်ဖြူ(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ မိုင်နီလာထွေး၊ စိမ်းချိုအောင်(ပြည်ထဲရေး)တို့ ဖြစ်ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ အမာခံ များဖြစ်ကြသော ပို့ဆောင်ရေးအသင်းမှ သက်သက်ဝင်း နှင့် မာလာဝင်းတို့နှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိထား၍ ရွေးချယ်ရာ၌ မပါဝင်ခြင်းဖြစ်သည်။ ဒဏ်ရာ အချိန်မီ ပျောက်ကင်းပါက ပြန်လည်ရွေးချယ်ရန် လျာထား ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်း ရွေးချယ်ဖွဲ့စည်းထားမှုနှင့် စခန်းသွင်းလေ့ကျင့် သွားမည့် အခြေအနေများနှင့်ပတ်သက်၍ နည်းပြချုပ် ဦးအေးကြူကြီးအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်း ခဲ့သည်။

နည်းပြချုပ် ဦးအေးကြူကြီးက ပဏာမ မြန်မာ့ လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းရွေးချယ်ဖွဲ့စည်း ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် "မိမိအနေဖြင့် ယခင်က အမျိုးသမီးဘောလုံးအသင်းများကို တာဝန်မယူ ခဲ့ဖူးသော်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းနှင့် မစိမ်းပါကြောင်း၊ လူငယ်လက်ရွေးစင်အသင်း နည်းပြတာဝန်ယူခဲ့စဉ်ကပင် အမျိုးသမီးဘောလုံးအသင်း၏ လေ့ကျင့်မှုနှင့် ယှဉ်ပြိုင်ကစားမှုကို မျက်ခြည်မပြတ် ကြည့်ဖြစ်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ လက်ရွေးစင် အမျိုး သမီးဘောလုံးအသင်း၏ နည်းပြအဖြစ် တာဝန်ပေးအပ် ခံရခြင်းမှာ တာဝန်ကြီးမားပါကြောင်း၊ အမျိုးသမီး လက်ရွေးစင်အသင်းမှာ အရှေ့တောင်အာရှအဆင့်၌ ထိပ်တန်းအဆင့်ရှိပြီး အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများ၌ ဗိုလ်မစွဲနိုင်သေးသော်လည်း နောက်ဆုံး ဗိုလ်လုပွဲသို့တက်ရောက်နိုင်သည့်အနေအထားဖြစ်ကြောင်း၊ သို့ဖြစ်၍ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းရမှာဖြစ် သကဲ့သို့ ပိုမိုအောင်မြင်အောင် လုပ်ဆောင်သွားရမှာဖြစ် ကြောင်း၊ ပြီးခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး ဘောလုံးပြိုင်ပွဲကိုအခြေခံ၍ ပဏာမလက်ရွေးစင် ၂၇ ဦးကို ပြန်လည်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမာခံကစားသမား အချို့ ထိခိုက်ဒဏ်ရာရရှိထား၍ ရွေးချယ်နိုင်ခြင်း မရှိ ကြောင်း၊ ယခုရွေးချယ်ထားသည့် ပဏာမလက်ရွေးစင် များထဲတွင် အသက်ငယ်ရွယ်သည့် မျိုးဆက်သစ်များ ပါဝင်ကြောင်း၊ ယခင်လက်ရွေးစင်များမှာ အသက်အရွယ် ရလာကြပြီဖြစ်၍ အတွေ့အကြုံများသော်လည်း ကြံ့ခိုင် မှုနှင့် သက်လုံပိုင်း၌ အားနည်းမှုရှိကြောင်း၊ ယူ-၁၉ အမျိုးသမီးအသင်းမှ အားကစားသမားအချို့ကိုလည်း ရွေးချယ်ထားရာ လူဟောင်းများနှင့် တွဲဖက်လေ့ကျင့် ပေးခြင်းအားဖြင့် ခြေစွမ်းထက်မြက်လာမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်း စခန်းသွင်းလေ့ကျင့်သွားမည့် အခြေအနေနှင့် ပတ်သက်၍ နည်းပြချုပ် ဦးအေးကြူကြီးက ဆက်လက် ပြောကြားရာတွင် "အသက်(၁၉)နှစ်အောက် အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲပြီးဆုံးသွားပြီဖြစ်၍ မကြာမီကာလ၌ လူစုံတက်စုံဖြင့် စခန်းသွင်းလေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမျိုးသမီး ဘောလုံး အားကစားသမားများမှာ စခန်းသွင်းလေ့ကျင့်မှုကို စဉ်ဆက်မပြတ်ပြုလုပ်နေမှသာ ကြံ့ခိုင်မှုနှင့် သက်လုံပိုင်း ပြည့်ဝမှုရှိနိုင်ပြီး အသင်းလိုက် ကစားကွက်ဖော်ဆောင် နိုင်မည်ဖြစ်ကြောင်း၊ အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် စခန်းသွင်းလေ့ကျင့်မှုများကို ပြင်းပြင်းထန်ထန်ပြုလုပ်ပြီး လူငယ်အသင်းများနှင့် ခြေစမ်းပွဲများကစားရန် စီစဉ်ထားပါကြောင်း" မြန်မာ့ အလင်းသို့ ပြောကြားသည်။ ။ **(မြန်မာ့အလင်း)**

လေးပွင့်ဆိုင် အထူးခြေစမ်းဘောလုံးပြိုင်ပွဲ စတင်ယှဉ်ပြိုင် ပဏာမလက်ရွေးစင်(ခ)က ယူ-၂၃ အသင်းကို နှစ်ဂိုးပြတ်နိုင်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် လေးပွင့်ဆိုင် အထူးခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ပဏာမလက်ရွေးစင်(ခ)အသင်းက အသက်(၂၃)နှစ်အောက် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အသက်(၂၃)နှစ်အောက် အသင်း တွင် အတွေ့အကြုံနှင့် သမ္ဘာရင့်သူများ ပါဝင်သော်လည်း မျက်နှာသစ် ဘောလုံးသမား အများစုပါဝင်သည့် ပဏာမလက်ရွေးစင်(ခ) အသင်းကို ခြေစွမ်းအရမယှဉ်နိုင်ဘဲ နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အောက် အသင်း တွင် (၂၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲဝင် မြန်မာ (ယူ-၂၃)အသင်းမှအားကစားသမားအများစု ပါဝင်သော်လည်း အသင်းလိုက်အချိတ် အဆက်မမိဘဲ တစ်ဦးချင်း ခြေစွမ်းအရ လည်း အားရစရာမရှိခဲ့ချေ။ ပဏာမ လက်ရွေးစင်(ခ)အသင်းကို အဆင့်မြင့် တန်းမှ မျက်နှာသစ်လူငယ် ဘောလုံး သမားများနှင့် ဖွဲ့စည်းထားသော်လည်း အားကြိုးမာန်တက် ယှဉ်ပြိုင်ကြခြင်း နှင့် အသင်းလိုက်နားလည်မှုရှိရှိ ကစား နိုင်ခြင်းတို့ကြောင့် ထိုက်တန်စွာ အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။

ပဏာမလက်ရွေးစင်(ခ) အသင်း အတွက် ပထမဂိုးနှင့် ဒုတိယဂိုးကို ပွဲချိန် ၁၈ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ကျော်သီဟက သွင်းယူပေးသည်။ ဒုတိယပိုင်းတွင် ပဏာမလက်ရွေးစင် (ခ)အသင်းက သေချာပေါက် ဂိုးသွင်း ခွင့်များရရှိသော်လည်း ဂိုးမဝင်၍ နှစ်ဂိုး ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပဏာမလက်ရွေးစင်(ခ)အသင်း ကို အုပ်ချုပ်သူအဖြစ် ဦးရဲညွန့်၊ နည်းပြ အဖြစ် ဦးဆပ်သီးတို့က တာဝန်ယူ ဆောင်ရွက်သည်။ အသက်(၂၃)နှစ် အောက်အသင်းကို အုပ်ချုပ်သူအဖြစ် ဦးဆန်းဝင်း၊ နည်းပြအဖြစ် ဦးစိုးမိုး တို့က တာဝန်ယူဆောင်ရွက်သည်။

ပဏာမလက်ရွေးစင်(ခ)အသင်း တွင် **(ဂိုး)** ကျော်ဇင်ထက်(သန်းဇော် ဝင်း)၊ **(နောက်တန်း)** ဝင်းဇော်အောင်၊ အေးဆန်း၊ မျိုးမြင့်အောင်၊ ခင်မောင် လွင်၊ **(အလယ်တန်း)** စောကြယ်လင်း (ညီညီစိုး)၊ ရာဇာဝင်းသိန်း၊ မင်းမင်း ထွန်း(ဟန်စိုးအောင်)၊ နိုင်ဝင်း (ကျော် ကျော်ခိုင်)၊ **(ရှေ့တန်း)** ကျော်သီဟနှင့် စည်သူသန်း (ကျော်ကျော်ထွန်း)တို့ ပါဝင်ကစားခဲ့ကြသည်။

အသက်(၂၃)နှစ်အောက်အသင်း တွင် **(ဂိုး)** ဖြိုးမင်းမောင်၊ **(နောက် တန်း)** ဝင်းမင်းထွဋ်၊ ကျော်ဇေယျာမင်း၊ ကျော်ဇေယျာဝင်း၊ ကျော်ဒွန်း၊ **(အလယ်တန်း)** မျိုးမင်းထွန်း၊ နေဝင်း၊ စိုးသီဟအောင်၊ ဇော်ဇော်၊ **(ရှေ့တန်း)** ဆန်းဒေးသိန်း(မင်းမင်းထွန်း)နှင့် ကျော် ဇင်ဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

ယနေ့ပွဲ

မတ် ၁၅ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ပဏာမလက်ရွေးစင်(က) အသင်းနှင့် အသက်(၂၃)နှစ်အထက် အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(မြန်မာ့အလင်း)

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဂျာမနီအသင်းခေါင်းဆောင် ဘောလက်အား ချယ်လ်ဆီးမန်နေဂျာ မော်ရင်ဟို အလိုရှိနေ

လန်ဒန် မတ် ၁၄

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ချယ်လ်ဆီး အသင်းတွင် ကစားလိုကြောင်း ၎င်း၏ ကိုယ်စားလှယ် ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက အသင်းဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားသည်။

စာချုပ်ရန်လိုလား

ချယ်လ်ဆီးအသင်း မန်နေဂျာ မော်ရင်ဟိုကလည်း ယခုနှစ် မေလတွင် စာချုပ်ရန် လိုလားကြောင်း ဘေယန် မြူးနစ် ကစားသမား၏ အေးဂျင့်သို့ ပြောကြားလိုက်သည်။

မပြောနိုင်သေး

မိုက်ကယ်ဘောလက် ချယ်လ်ဆီးသို့ ရောက်ရှိရေးအတွက် နှစ်ဖက်စလုံး အလွန်စိတ်ဝင်စားနေကြသည်။ သို့ရာတွင် မည်သည့်အချိန် စာချုပ်လိမ့်မည်ကို မပြောနိုင်သေးကြောင်း မိုက်ကယ်ဘောလက်က ဂါဒီယန် သတင်းစာသို့ ပြောကြားသည်။

စာချုပ်ချုပ်လို

မိုက်ကယ်ဘောလက်က တစ်ပတ်လျှင် ပေါင် ၁၂၀၀၀၀ ဖြင့် လေးနှစ် စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုကြောင်း ဘောလက်က ပြောကြားသည်။

ပြန်လည်နောက်ဆုတ်

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ရာသီအစတွင် ဘောလက်အား စာချုပ်ရန် ကြိုးစားခဲ့သော်လည်း မိုက်ကယ်ဘောလက်က ရီးရဲမက်ဒရစ်နှင့် အင်တာမီလန် အသင်းများသို့ ဆက်သွယ်ခဲ့သဖြင့် ပြန်လည်နောက်ဆုတ်သွားခဲ့သည်။

အလိုရှိ

ချယ်လ်ဆီး နည်းပြမော်ရင်ဟိုက ဘောလက်အား အလိုရှိကြောင်း ဂျာမန်သတင်းစာတစ်စောင်သို့ ပြောကြားလိုက်သည်။ ဘောလက်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဘောလုံးသမားဟု မိမိထင်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

ဆက်သွယ်ခဲ့

မော်ရင်ဟိုက ဘောလက်ကိုအလိုရှိနေခြင်းမှာ လမ်းပတ် ဘာစီလိုနာသို့ ဆက်သွယ်ခဲ့၍ ဖြစ်သည်။ လမ်းပတ်ထွက်ခွာသွားပါက ဘောလက်ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**



မော်ရင်ဟို အလိုရှိနေသော ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်။ (ဓာတ်ပုံ-အင်တာနက်)

ဘက်ခမ်းအင်္ဂလန်သို့ ပြန်လာလိုပါက အာဆင်နယ်က အသင့်ကြိုဆိုနေမည်ဟုဆို

လန်ဒန် မတ် ၁၄

အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း အင်္ဂလန်သို့ ပြန်လာလိုလျှင် အာဆင်နယ်က ခေါ်ယူရန်အသင့်ရှိကြောင်း အာဆင်နယ် မန်နေဂျာ အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

အရည်အချင်းရှိ

အသက် ၃၀ အရွယ်ရှိ အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ရီးရဲမက်ဒရစ်အသင်းနှင့် တစ်နှစ်ချုပ်မှုကို ပြီးစီးတော့မည်ဖြစ်ရာ အာစင်ဝင်းဂါးက အင်္ဂလန်သို့ ပြန်လာလိုလျှင် အာဆင်နယ်က အလိုရှိကြောင်း၊ ၎င်းသည် အရည်အချင်းရှိသည့် ကစားသမားဖြစ်ကြောင်း ဝင်းဂါးက ပြောကြားသည်။

သုံးနှစ်ဆက်တိုက်

ကွင်းလယ်ကစားသမား ဘက်ခမ်းသည် အင်္ဂလန်မြေမှ ထွက်ခွာသွားပြီး ရီးရဲမက်ဒရစ်နှင့် သုံးနှစ်နီးပါးအကြာ ပထမဆုံးအကြိမ်အဖြစ် အင်္ဂလန်မြေတွင် မတ် ၈ ရက်က ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ပါဝင်ကစားခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ဖလားတစ်လုံးမျှ မရခဲ့သည်မှာ သုံးနှစ်ဆက်တိုက်ရှိသွားပြီဖြစ်သည်။

ဝင်းဂါးအဖို့ သူ၏ အသင်းတွင် အင်္ဂလိပ်ကစားသမား တစ်ဦးမျှမရှိ၍ ဝေဖန်ခံနေရသူ ဖြစ်သည်။

(အင်တာနက်)

အင်္ဂလန်အသင်းခေါင်းဆောင် ရီးရဲမက်ဒရစ်မှ ဒေးဗစ်ဘက်ခမ်း။

ကမ္ဘာတစ်လွှား အားကစား

အာဆင်နယ်အသင်း ခြေစွမ်းတက်လာပြီ ချန်ပီယံလိဂ်ဖလား ဗိုလ်မစွဲဟု မဆိုနိုင်

စုစည်းရေးသားသူ မြင့်ခိုး

လန်ဒန် မတ် ၁၄

အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်မည်လားဆိုသည့် ကိစ္စနှင့်စပ်လျဉ်းပြီး အင်္ဂလန်မှ အားကစားရေးရာ ပင်တိုင်ဆောင်းပါးရှင် အလန်ဟန်ဆင်က မေးမြန်းတင်ပြထားမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ဝေဖန်စရာများရှိလာသည်။ အာဆင်နယ်တို့ အကောင်းဆုံး အနေအထားဖြင့် အသင်းများကို ယှဉ်ပြိုင် အနိုင်ရရှိလာချိန်တွင် မိမိအနေဖြင့် ယင်းတို့၏ အောင်မြင်မှုကို မေးမြန်းခဲ့သည်။ သို့ရာတွင် အောင်မြင်သော သီတင်းပတ်လို့ ဆိုနိုင်မည်လားဆိုသော မေးခွန်းကို အာဆင်နယ်က ငြင်းဆိုထားသည်။

ကွာတားဖိုင်နယ်တက်

အာဆင်နယ်အသင်းသည်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်နှင့် ယှဉ်ပြိုင်ကစားရာတွင် နှစ်ကျော့ကစားပြီး ကွာတားဖိုင်နယ် တက်လာခဲ့ပြီ ဖြစ်သည်။

ယင်းနောက် ဟိုက်ဘူရီကွင်း၌ လီဗာပူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားပြီး ပရီမီယာရှစ်တွင် နံပါတ်(၄)နေရာရောက်ရှိရန် နီးကပ်နေပြီ ဖြစ်သည်။ ပွဲစဉ် ၂၉ အပြီး အာဆင်နယ်အသင်းသည် ၄၇ မှတ်ဖြင့် ပဉ္စမနေရာသို့ ရောက်ရှိလာသည်။

ပြီးခဲ့သော ရာသီက ချန်ပီယံလိဂ်ဖလားဗိုလ်စွဲနိုင်ခဲ့သော လီဗာပူးအသင်းနှင့် အာဆင်နယ်တို့သည် အဓိကပြိုင်ဘက်များဖြစ်လာခဲ့သည်။ အာဆင်နယ်တို့ ချန်ပီယံလိဂ် ကွာတားတက်ခွင့်ရနေပြီဖြစ်၍ လီဗာပူးအပေါ် အောင်ပွဲခံနေပြီဖြစ်သည်။

လီဗာပူးတို့ ပြီးခဲ့သော ရာသီက ချန်ပီယံလိဂ်ဖလား ဗိုလ်စွဲသော်လည်း ယခုနှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် အကြိတ်အနယ်ပွဲများ ကစားခဲ့ရသည်။

ယှဉ်ပြိုင်ကစားမည်

အာဆင်နယ်အသင်းသည်လည်း အလားတူ အနေအထားဖြစ်သည်။ ယင်းတို့သည် ယခုနှစ်ရာသီတွင် ပရီမီယာရှစ်ထက် ဥရောပဖလား အမှန်တကယ်အောင်မြင်မှုရရှိရန် လိုအပ်လာပြီဖြစ်သည်။ အာဆင်နယ်နှင့် ဂျူဗင်းတပ်စ်အသင်းတို့သည် မတ် ၂၈ ရက်တွင် ပထမအကျော့ကို လည်းကောင်း၊ ဒုတိယအကျော့ကို ဧပြီ ၄ ရက်နှင့် ၅ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားတော့မည်ဖြစ်သည်။

အာဆင်နယ်တို့အိမ်ကွင်း အဝေးကွင်း ရလဒ်များ အသေအချာ ကစားသွားရမည့် ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်သည်။ အာဆင်နယ်က ယင်း

မရှိမဖြစ် လိုအပ်နေ

လီဗာပူးတွင် တိုက် စစ် မှူး ကောင်း တစ် ယောက် မရှိ မဖြစ် လိုအပ်နေပြီဆိုသောနည်းပြ ဘင်နီတက်ဇ်။

(ဓာတ်ပုံ-အင်တာနက်)

အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်ကြိုးပမ်းသွားလိမ့်မည်ဖြစ်သည်။

ရှုံးနိမ့်ခဲ့ရ

ရီးရဲမက်ဒရစ်အပေါ် အနိုင်ရခဲ့သည့်ရလဒ်ကြောင့် လီဗာပူးအပေါ် အနိုင်ရမှုများ ဆက်နိုင်ခဲ့သည်။ သို့ရာတွင် ယင်းတို့သည် ထို့အရင်ပွဲများတွင် ဘော်လ်တန်၊ အဲဗာတန်နှင့်ဘလက်ဘန်းအသင်းများကို ရှုံးနိမ့်ခဲ့ရသည်။

အာဆင်နယ်တို့ ပရီမီယာရှစ်ရာသီအစတွင် ပရီမီယာရှစ်သည် ယင်းတို့အတွက် ပေါင်မုန့်နှင့် ထောပတ်အရသာရှိပြီး ယခုအခါပွဲပေါင်းများစွာ ရှုံးခဲ့ပြီဖြစ်၍ ပြောစရာရှိတော့မည် မဟုတ်ပေ။ ယင်းအတွက် အာစင်ဝင်းဂါးအနေဖြင့် အသင်းအပေါ် အားမလိုအားမရ ဖြစ်နေပုံရသည်။

သို့ရာတွင် ရောဘတ်ပီရက်စ်နှင့် ဖရက်ဒီယွန်းဘတ်ကဲ့သို့သော ကစားသမားများ၊ အွန်နရီကဲ့သို့ ဂိုးသွင်းအကျော်များကြောင့် အာဆင်နယ်၏ အောင်မြင်မှု ရောင်ခြည်သမ်းလာနေပြီဖြစ်သည်။

အွန်နရီသည် မယုံနိုင်လောက်အောင်ပင် အကောင်းဆုံး ကစားပြလာနိုင်ပြီး ၎င်း၏အဆုံးသတ် ဂိုးသွင်းသေချာမှုကြောင့် အာဆင်နယ်တို့ အောင်ပွဲဆက်နိုင်ခဲ့သည်။

အခက်ခဲဆုံး

၎င်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ပထမအကျော့ အဝေးကွင်း၌ အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သလို ဒုတိယအကျော့ အိမ်ကွင်းတွင်လည်း ပို၍ ကောင်းအောင် ကစားနိုင်ခဲ့သည်။ သို့ဖြစ်၍ ဂျူဗင်းတပ်စ်အသင်းသည် အာဆင်နယ်အသင်းအား အခက်ခဲဆုံး ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။

အာဆင်နယ်အသင်း ဥရောပချန်ပီယံဖြစ်မလားဟု ဆိုလာလျှင် မဖြစ်နိုင်ပါဟု ဆိုချင်သည်။ သို့ရာတွင် လွန်ခဲ့သော နှစ်နှစ်က ပေါ်တိုအသင်းနှင့် လီဗာပူးအသင်းတို့သည် ဗိုလ်စွဲလိမ့်မည်ဟုထင်မှတ်မထားဘဲ ချန်ပီယံတွေ ဖြစ်ခဲ့ကြသည်ကိုမူ ဘောလုံးအားကစား ပရိသတ်များ အားလုံး သတိရမှတ်မိနေကြဦးမည်ဖြစ်သည်။

မိမိ၏လီဗာပူးအသင်းသည် ချန်ပီယံလိဂ်တွင် ဘင်ဖီကာအသင်းကိုရှုံးနိမ့်ခဲ့ရသလို ဟိုက်ဘူရီကွင်းတွင်လည်း အာဆင်နယ်ကို ရှုံးနိမ့်ခဲ့သည်မှာ သိသာထင်ရှားနေပြီဖြစ်ကြောင်း လီဗာပူးနည်းပြဘင်နီတက်ဇ်က ပြောကြားသည်။

ယင်းပြဿနာမှာ အသင်းတွင် တိုက်စစ်မှူးတစ်ဦး လိုအပ်နေခြင်းကြောင့် ဖြစ်သည်။ ယခုရာသီအကုန်တွင် ယင်းလိုအပ်ချက် အတွက် တိုက်စစ်မှူး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုပြီး ခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လီဗာပူးအသင်းသည်နောက်တန်းနှင့်အလယ်တန်းအားလုံးကောင်းသည်။ သို့ရာတွင် ရှေ့တန်းကစားသမားများသည် အကောင်းဆုံး ကစားနိုင်သော်လည်း ဂိုးမိုးခေါင်နေသည်။ ယင်းအတွက် လီဗာပူးအသင်းကို ပြင်ဆင်ရမည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ဆက်လက်ပြောကြားသည်။

ဖိအားပေးနေ

ဘင်နီတက်ဇ်၏ လီဗာပူးအသင်းသည် ပွဲတစ်ပွဲတွင် သုံးဂိုး၊ လေးဂိုး မသွင်းနိုင်ခဲ့သည်မှာ အလွန်ကြာခဲ့ပြီဖြစ်သည်။ ယင်းအတွက် တိုက်စစ်မှူးများအပေါ် ဖိအားပေးနေသလို ဖြစ်နေသည်။

နောက်တန်းတွင် ကာရေဂါနှင့် အဖွဲ့သားများသည်လည်း ခံစစ်အားပျော့လာကြောင်း၊ သို့ရာတွင် အတော်အသင့် ကစားနိုင်သေး၍ နောက်တန်းအတွက် စိတ်ပူစရာမလိုကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။ ။ **(အင်တာနက်)**

ဖလားအတွက် အားထားမည်

ပရီမီယာရှစ်ထက် ဥရောပဖလားအတွက် အားထားမည်ဆိုသော အာစင်ဝင်းဂါး။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံပြင်ပနေရာ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်

ရန်ကုန် မတ် ၁၄

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၇ မိနစ် ၃၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက်မိုင် ၂၅၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ(အင်ဒိုနီးရှားနိုင်ငံ စီရန်ဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ကားမှန်များတွင် စတစ်ကာကပ်ပါက ထိရောက်စွာအရေးယူမည်

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများသတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတစ်ကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတစ်ကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြောင်းမြမြို့ ဂုန်နီစက်ရုံ၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် မတ် ၁၄

လောင်စာဆီအစားထိုး စီမံကိန်းဝင် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားကို မတ်၅ရက်တွင် ဧရာဝတီတိုင်း မြောင်းမြမြို့ ဂုန်နီစက်ရုံပိုင်မြေငါးဧကရှိ စီမံကိန်းမြေနေရာ၌ကျင်းပရာ မြောင်းမြ ဂုန်နီစက်ရုံမှ စက်ရုံမှူး ဦးသန်းဝင်းနှင့် စက်ရုံဝန်ထမ်း ၁၂၀၀ ကျော်တို့က ကြက်ဆူပျိုးပင်များကို အိုးစည်ဒိုးပတ်များဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ **(ဓာတ်ပုံ)**

မြောင်းမြ ဂုန်နီစက်ရုံပိုင် မြေငါးဧကမှ တစ်ဧကအတွက် ကြက်ဆူပင် ၁၂၀၀ကို စုပေါင်းစိုက်ပျိုးခြင်းဖြစ်ပြီး ကျန်လေးဧကကို စိုက်ပျိုးနိုင်ရန် စက်ရုံမှူး ဦးသန်းဝင်း ဦးဆောင်၍ ဝန်ထမ်းများက မြေသားပြုပြင်ကျင်းတူးခြင်း၊ အစေ့များပျိုးချခြင်း၊ အပင်ငယ်များ စိုက်ပျိုးခြင်းဖြင့် မတ်လအတွင်း အပြီးအစီး တစ်အုပ်တစ်မစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့်၅)
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၅)ရုံးတော်၌
၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၁၀

ဒေါ်သီတာနွယ်(ခ)ဒေါ်သပြေညွန့် နှင့်
၁။ ဦးကျော်စိုးဝင်း
၂။ ဦးကျော်သန်းဝင်း
၃။ ဒေါ်မာလာဝင်း
၄။ ဦးညီညီဇော်
၅။ ဦးစိုးမိုးညွန့်

တရားလို **တရားပြိုင်များ**

ဦးစိုးမိုးညွန့် အမှတ် ၂၁၊ ဦးရွှေဂွန်းလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဧပြီလ ၄ရက် (၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း ၇ ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး
တွဲဖက်တိုင်းတရားသူကြီး(၅)
ရန်ကုန်တိုင်းတရားရုံး။

ရက်(၁၀၀)ပြည့် မွေးနေ့ဆုမွန်

တစ်ဦးတည်းသောချစ်သမီးငယ်လေး **သက်မြတ်နိုး**၏ ၁၅-၃-၂၀၀၆ရက်တွင်ကျရောက်သော ရက်(၁၀၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ထူးချွန်ထက်မြက် သိတတ်လိမ္မာပြီး လောက၏အကောင်းဆုံးဆုလဒ်များကို ပိုင်ဆိုင်နိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်းလျက်-

ချစ်ဖေဖေ - ဦးကျော်ကျော်ဦး
ချစ်မေမေ - ဒေါ်သန္တာမြင့်
Blue Sky Factory။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင်ကတ်ပြား(အကြီး၊ အသေး)နှင့် အသင်းရင်ထိုးတံဆိပ်ပုံနှိပ်ပြုလုပ်ရန် တင်ဒါခေါ်ယူခြင်း

၁။ အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ စိတ်ဝင်စားသော ပုံနှိပ်လုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံတစ်စုံလျှင် ကျပ် ၂၅၀၀နှုန်းဖြင့် ဝယ်ယူ၍ လုပ်ငန်းလိုင်စင်မိတ္တူနှင့်တကွ ၁၆-၃-၂၀၀၆ ရက်မှစ၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ရုံးခန်းတွင် ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

၃။ တင်ဒါကို ၂၀၀၆ခုနှစ် မတ်လ ၂၄ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ပိတ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ စုံစမ်းလိုပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမှတ် ၂၈၅၊ သံသုမာလမ်းနှင့် ပါရမီလမ်းထောင့် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။









အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အားကစားခန်းမသစ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် မော်ကွန်းကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၁၄

အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ရှိ အားကစားခန်းမသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက် မွန်းလွဲ၁နာရီက မန္တလေးမြို့ရှိ အဆိုပါအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း/ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီးနှင့်မြို့တော်ဝန်တို့က အားကစားခန်းမသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)** ဆက်လက်၍ တိုင်းမှူးက ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကမ္ပည်း ကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့က မော်ကွန်းကမ္ပည်းကြေးပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

အမှာစကားပြောကြား

ယင်းနောက်အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးက မန္တလေး တိုင်းအားကစားနှင့် ကာယပညာကော်မတီ၊မန္တလေးတိုင်း ဂူရှူးဆပ်ကော်မတီ၊ မန္တလေးတိုင်းလက်ဝှေ့ဆပ်ကော်မတီတို့အတွက် ငွေကျပ် ၁၃ သိန်းကျော်တန်ဖိုးရှိ အားကစားပစ္စည်းများ၊ လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မန္တလေးတိုင်းမှ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ လေ့ကျင့်လျက်ရှိသော လူငယ်ဘောလုံးအသင်းများအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ အားကစားပစ္စည်းများ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်အတွက် ငွေကျပ်၂၈၀၀၀၀တန်ဖိုးရှိ အားကစားပစ္စည်းများကိုပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ဆက်လက်၍ အားကစားခန်းမ အသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို တာဝန်ယူဆောက်လုပ်သည့် Asia Hi Tech ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဦးချမ်းသာက ပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လက်ခံရယူသည်။

ယင်းနောက် မန္တလေးတိုင်း ကျွမ်းဘားဆပ်ကော်မတီ၊ မြန်မာ့ရိုးရာသိုင်းဆပ်ကော်မတီ၊ဂူရှူးဆပ်ကော်မတီနှင့် ခြင်းလုံးဆပ်ကော်မတီတို့က ရွေးချယ်လေ့ကျင့်ထားသည့် အားကစားသမားများက သရုပ်ပြသကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက သောင်းသောင်းဖြဖြအားပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကိုရုပ်သိမ်းကာ သရုပ်ပြ အားကစားအဖွဲ့များ၊ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အားကစားနှင့် ကာယပညာ သိပ္ပံ(မန္တလေး)တွင် အားကစားလေ့ကျင့်ရေးကွင်းသုံးကွင်းနှင့် အားကစားခန်းမတစ်ခု၊ လက်ဝှေ့လေ့ကျင့်ရေးခန်းမတစ်ခု တည်ဆောက်ပေးခဲ့ပြီး ဖြစ်သော်လည်း တက်ရောက်သင်ကြားလျက်ရှိသော အားကစားသမား ၂၇၅ဦးနှင့် လုံလောက်မှုမရှိသည့်အတွက် အလျားပေ ၁၂၀၊ အနံပေ၉၀၊ အမြင့် ၃၆ပေရှိ ကျွန်းလျှာထိုးနှစ်ထပ်ကြမ်းခင်းအဆင့်မီ အားကစားခန်းမသစ်ကြီးကို နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၇၅၆သိန်း အကုန်အကျခံ၍ ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သုမင်္ဂလာလမ်း အမှတ်(၂၇၀)နေ ဦးစိုးညွန့်-ဒေါ်ခင်ကြည်(ကြာညိုပန်းမိသားစု)က ဒဂုံမြို့နယ် အမှတ်(၁၂)၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူငွေကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

သင်္ကြန်၁၀ရက်စခန်းပွဲ

ရန်ကုန် မတ် ၁၄

မြောက်ဥက္ကလာပမြို့နယ် ၈၂/ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက် မဏိရတနာကျောင်း ဓမ္မရိပ်သာ၌ (၆၇)ကြိမ်မြောက် သင်္ကြန်အထူးစခန်းပွဲကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဘဒ္ဒန္တတေဇနိယ (ချမ်းမြေ့ကျောင်းမကွေး)နှင့် ဆရာတော်ဘဒ္ဒန္တပဏ္ဍာဝံသ(မဟာကမ္မဋ္ဌာနာစရိယ)မဏိရတနာကျောင်း ဆရာတော်တို့က ဧပြီ၈ရက်မှ ၁၇ရက်အထိ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများ ဧပြီ ၇ ရက် ညနေအရောက် လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၄၀၆သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။
(က-ပ)

ဒိုင်ကိုမြန်မာကုမ္ပဏီလီမိတက် အအေးခန်းစက်ရုံ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၇ရက် မွန်းလွဲ ၁နာရီက မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ ဘုရားကိုင်ရပ်ကွက်ရှိ ဒိုင်ကိုမြန်မာကုမ္ပဏီလီမိတက် အအေးခန်းစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများအား အဆိုပါ စက်ရုံညေ့်ခန်းမဆောင်၌ ဒိုင်ကိုမြန်မာ ကုမ္ပဏီလီမိတက်နှင့် ပတ်သက်၍ မန်နေဂျာ ဦးရှင်တိတ်က ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက ပြည်ပပို့ကုန်များ အရည်အသွေးပြည့်မီရေးနှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်များ မှာကြားပြီး အအေးခန်းစက်ရုံအတွင်း ရေငန်ပုစွန်များ ရွေးချယ်၊ ထုပ်ပိုးဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပွဲကို မတ်၁၁ရက်က ဘုရားကြီးရှေ့ ခြံစည်းရိုးမြေပေါ်တွင် စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများက ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၁၉၂)

မြန်မာ့အသံ

၁၆-၃-၂၀၀၆

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဆွယ်တာလုပ်ငန်းအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ကဗျာခရီးသည် (မောင်ငြိမ်းအေး-ဘုတလင်) (၂)စိန်ခေါ်လိုက်စမ်းပါအောင်သစ်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ပြင်ဦးလွင်မြို့က မက်မန်း-၂)

ညပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ရတနာများ)



မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွက် အလွှကပွမဲနောကျေးလက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၁၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသူရကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေး

အုတ်တွင်း မတ် ၁၀

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ်၂ရက် မွန်းတည့် ၁၂နာရီက အုတ်တွင်းမြို့ သီရိရတနာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အကြံပြုဆွေးနွေး

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်ဆွေဦးနှင့် အဖွဲ့ငယ်ခေါင်းဆောင်များက အဖွဲ့ငယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေအရပ်ရပ်ကို တင်ပြဆွေးနွေးကြပြီး တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌက မြို့နယ်များ၏ တင်ပြချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။ (၃၁၆)

စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ သံတွဲ၌ကျင်းပ

သံတွဲ မတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာနကကြီးမှူး၍ စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေး သတင်းစနစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်၆ရက် နံနက်၉နာရီက သံတွဲခရိုင် သံတွဲမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာနညွှန်ကြားရေးမှူး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမြင့်ဆွေနှင့်ဇနီး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးခင်အောင်ချို၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းဝင်များ၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာသန်းထွန်းနှင့်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေး သတင်းစနစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းသို့ သင်တန်းသူ သင်တန်းသား ၇၅ဦး တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းမြို့နယ် ပုဂံတူ–နှီးတွင်းကျေးလက်လမ်းခင်းကျင်းနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုကြည့်ရှုစစ်ဆေးရာအင်ဂျင်နီယာမှူး ဦးကျော်မြင့်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နောင်တရား၌ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်

နောင်တရား ဖေဖော်ဝါရီ ၂၈

ရှမ်း ပြည် နယ် (တောင် ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့ တိုင်းရင်းသား ရိုးရာဝတ်စားဆင်ယင်မှုပြပွဲပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က အထက ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နောင်တရားနှင့် တီကျစ်မြို့များမှ တိုင်းရင်းသူ ၁၇ဦး ယှဉ်ပြိုင်ကြရာ နောင်တရားမြို့မှ မနန်းနှင်းသဇင်က ပထမဆုနှင့် မစံပယ်ထွန်းက ဒုတိယရရှိရာ အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။ (၃၆၉)

မော်လမြိုင်ကျွန်း မြို့မအလယ်တန်းကျောင်း အငြိမ်းစား ဆရာ ဆရာမများ ပူဇော်ပွဲကျင်းပမည်

မော်လမြိုင်ကျွန်း မတ် ၈

မော်လမြိုင်ကျွန်း မြို့မအလယ်တန်းကျောင်း (ယခင်ညောင်တုန်းကျောင်း) ၏ တတိယအကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ်၂၅ရက် (စနေနေ့)ညနေ ၄ နာရီတွင် မြို့မ အလယ်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကန်တော့ခံ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ရပ်နီးရပ်ဝေးမှ ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ကြရန်နှင့် အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက ဦးမောင်ကို ဥက္ကဋ္ဌ ပူဇော်ပွဲကျင်းပရေးကော်မတီ မော်လမြိုင်ကျွန်းမြို့ ဖုန်း ၀၄၅–၂၁၅၄၁ နှင့် ဦးအေးကြည် (ကျောင်းအုပ်) မြို့မအလယ်တန်းကျောင်း မော်လမြိုင်ကျွန်းမြို့တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၀၉၇)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ရာသို့မတ်၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၉၈)

ပျိုးကိုင်းများပျိုးထောင်

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် ပျိုးကိုင်းများ ပျိုးထောင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာသို့ အမှုဆောင်အရာရှိ ဦးကျော်လှ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၂၆၀)

မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

ရွှေတောင် မတ် ၈

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများနှင့် ယာဉ်များ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအတွက် မတ် ၃ ရက်က ရွှေတောင် မြို့မဈေးတွင် မြို့နယ်မီးသတ်ဦးစီး ဌာနတို့ပူးပေါင်း၍ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ရာသို့ မြို့နယ်အဖွဲ့ဝင်(၂) ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူ ဈေးသားများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပန်းဆောင်မြို့ မြို့ဝင်ဆိုင်းဘုတ်ဝန်းကျင် ချုံနွယ်များခုတ်ထွင်ရှင်းလင်း

ပန်းဆောင် ဖေဖော်ဝါရီ ၂၈

ပန်းဆောင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်က မြို့အဝင် ဆိုင်းဘုတ်ဝန်းကျင် ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း တို့ကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဇေယျာမွန်ရပ်ကွက် ရေပေးဝေရေး ရေစင်ဆောက်လုပ်မှုကို မတ် ၈ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

15-3 (16).p65 1 3/9/32, 2:27 PM

တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ခရိုင်မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာသန့်စင်နှင့် ခေတ္တမြို့နယ် ဆရာဝန်ကြီး ဒေါက်တာဒေါ်အမာချစ်နှင့်အဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၈ရက်က မျက်စိဝေဒနာရှင်များအား ကွင်းဆင်း၍ စမ်းသပ်ကုသပေးကြစဉ်။ (၂၆၆)

ပျော်ဘွယ် ရွှေပြည်သာစေတီ ဘက်စုံပြုပြင်ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ ဖွင့်လှစ်ပူဇော်

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၈

ပျော်ဘွယ်မြို့ ရွှေပြည်သာစေတီတော် ဘက်စုံပြုပြင်ရေးနှင့် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ ဖွင့်လှစ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၆နာရီက စေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဘုရားအနေကဇာတင်ကာ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ၌ ဗုဒ္ဓဝင်နိပါတ်တော်လာ ပန်းချီကား ၃၆ ကား၊ ထီးဖြူရုံလေးရုံနှင့် ဗုဒ္ဓရုပ်ပွားတော်များကို အလှူရှင် ၈၀တို့က ငွေကျပ်သိန်း ၁၀၀ ကျော် အကုန်အကျခံ လှူဒါန်းပူဇော်ကြသည်။ **(၂၅၀)**

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဘုရားငါးဆူဝတ်တော်ကြီး၏ မှန်တံခါးသစ် တပ်ဆင်မှု လုပ်ငန်းဆောင်ရွက်ရေးအတွက် မတ် ၃ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီးအမှတ် (၃၃၂)စစ်ကဲကုန်းရပ်နေ အလှူရှင် ဦးအောင်ကြည်-ဒေါ်လှရွှေ၊ သားသမီးမြေးတစ်စုတို့က ငွေကျပ် ၂၄သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်လက်ခံယူစဉ်။ (၁၆၈)

မြို့နယ်သတင်းများ

ဟိုပင်မြို့ စုပေါင်းရုံးလမ်း ကျောက်ချောလမ်းသစ်ဖွင့်

ဟိုပင် ဖေဖော်ဝါရီ ၂၈

ကချင်ပြည်နယ် ဟိုပင်မြို့ စုပေါင်းရုံးလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈နာရီက အဆိုပါ စုပေါင်းရုံး လမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင်စုပေါင်းရုံးလမ်း ကျောက်ချောလမ်းသစ်ကို ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအင်ခွန်အောင်နှင့် မြဧယျာရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်ခဲ့

အဆိုပါ ကျောက်ချောလမ်းကို ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်သော အရှည်ပေ ၁၉၁၀ နှင့် အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၆၂သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၅ - ၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အောင်သိဒ္ဓိလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် ခေတ္တ အမှုဆောင် အရာရှိ ဦးအောင်သက်ရှည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

တမူးမြို့ မဥ္ဇူလမ်း ကတ္တရာလမ်းသစ်ဖွင့်

တမူး ဖေဖော်ဝါရီ ၂၀

တမူးမြို့ ဈေးတန်းရပ်ကွက် မဥ္ဇူလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီက အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ဆောင်ရွက်ခဲ့

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်အင်ဂျင်နီယာက လမ်းဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် လမ်းဖြစ်မြောက်ရေးကော်မတီတို့က အဆိုပါ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြပွဲကို မတ် ၉ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းလင်းထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ခင်ဦး ဖေဖော်ဝါရီ ၂၈

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ မီးဘေးကြိုတင် ကာကွယ်ရေး ပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးက မီးဘေးကြိုတင် ကာကွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့ပေါ် လေးရပ်ကွက်သို့ အသံချဲ့စက်ဖြင့် လှည့်လည်၍ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးလှုံ့ဆော်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပလက်ဖောင်းများ ဆေးသုတ်

ဘုရားသုံးဆူမြို့၌ မြို့အဝင်လမ်းလယ်ကျွန်းနှင့်လမ်းဘေးပလက်ဖောင်းများ ဆေးသုတ်ထားမှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်လင်းနှင့် တာဝန်ခံ ဦးကိုကိုနိုင်တို့က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် ဝန်ထမ်းများအဖွဲ့ပိုင် မြေနေရာတွင် စိုက်ပျိုးထားသော ကြက်ဆူပင် ၃၆၀၀ကို ဖေဖော်ဝါရီ၈ရက်က ရေလောင်းခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ က ကြီးမှူး၍ ဗိုလ် တ ထောင် အထက(၆) အောင်ကျော် ခန်းမ တွင် မတ်၄ရက်က နဝမနှစ် အမျိုးသား ပတ်ဝန်းကျင် ရက်သတ္တပတ် သန့်ရှင်းရေး ၂၀၀၆ အ ထိမ်း အ မှတ် အ ဖြစ် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ရပ်ကွက်အသင်းခွဲများသို့ ယင်လုံအိမ်သာသုံး ပလတ်စတစ်ခွက်နှင့် ရေပိုက်များ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းအလှူတော်

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး လုံးတော် ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်နေပြီ ဖြစ်သည့်အတွက် သဒ္ဓါတရားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ။

(၁)	၉လက်မပတ်လည် ရွှေစင်ရွှေသား ၂ကျပ်သား တစ်ချပ်လျှင်	၅၀၀၀၀၀ိ/-
(၂)	၂လက်မပတ်လည် ရွှေဆိုင်း ၁ဆိုင်းလျှင်	၁၃၅၀၀ိ/-
(၃)	၉လက်မပတ်လည် ကြေးပါးရွှေသင်္ကန်း တစ်ချပ်လျှင်	၅၀၀၀ိ/-
(၄)	အရံစေတီတော် ၁ဆူအတွက် ထီးတော် တစ်ခုလျှင်	၂၀၀၀၀၀ိ/-

ဖြင့် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်ဌာန - ပြည်မြို့၊ ရွှေဆံတော်စေတီတော် ဂေါပကရုံး၊ ဖုန်း- ၀၅၃-၂၅၀၃၅၊ ၀၅၃-၂၆၀၄၆

(အခြားမည်သည့်မြို့၊ ရွာ ဒေသများသို့မဆို အလှူခံစေလွှတ်ထားခြင်း မရှိပါ)

ဂေါပကအဖွဲ့၊ ရွှေဆံတော်စေတီတော်ဂေါပက၊ ပြည်မြို့။





ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၅၊ နည်း ၂၀
ရန်ကုန်တိုင်း တရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၂၃၇

၁။ ဒေါ်လွဲလွဲမင်း	**နှင့်**	၁။ ဒေါ်ကြည်ကြည်အောင်
၂။ ဒေါ်မိုးမိုးမင်း		၂။ ဦးစန်းမောင်
		၃။ မစ္စတာရိုလိုဝီလ်ကင်းဆင်(ခ) ဦးခင်မောင်ကြည်
တရားလို		**တရားပြိုင်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ဇာဂလမ်း အမှတ် ၆၂၉နေ အမှတ်(၂) တရားပြိုင် ဦးစန်းမောင်(ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း အမှတ် ၁၃၈/၈နေ အမှတ်(၃) တရားပြိုင် မစ္စတာရိုလိုဝီလ်ကင်းဆင်(ခ) ဦးခင်မောင်ကြည် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်လွဲလွဲမင်းနှင့် ဒေါ်မိုးမိုးမင်းတို့က မြေနှင့်အိမ်အရောင်း အဝယ် စာချုပ်စာတမ်းအား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ် တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆို နိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် မတ်လ ၂၈ရက်၊ (၁၃၆၇ခုနှစ် တပေါင်းလကွယ်)နေ့ မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက် ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် မတ်လ ၇ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

စောစံလင်း
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်၊ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်(အသစ်)များ

ကွင်းဆင်းစစ်ဆေးရန်ကြေညာချက်

ရန်ကုန်မြို့ ၁၃၆၇ခု တပို့တွဲလပြည့်ကျော် ၁၁ရက်
(၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်)

၁။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ကြေညာချက် (၃/၂၀၀၅)အရ လုံးခင်း/ဖားကန့်ဒေသရှိ အောက်ဖော်ပြပါ မှော်များတွင် လျှောက်ထားခဲ့ကြသော ကျောက်စိမ်း ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်လွှာများကို ကွင်းဆင်းစစ်ဆေး တိုင်းတာရေးအဖွဲ့များက ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်မှစ၍ ကွင်းဆင်းစစ်ဆေး တိုင်းတာမည်ဖြစ်ပါသည်-

ဝါဖော့မှော်၊ ကျီးသီးမှော်၊ ခိုမမှော်၊ ချောပြင်မှော်၊ ခတ္တာမှော်၊ ဆပ်ပြာချောင်းမှော်၊ တာမခံမှော်၊ နတ်ရေတောင်မှော်၊ နမ့်စဖိန်းမှော်၊ မှော်လုံမှော်၊ ကုဋေမှော်၊ ရှင်တစ်ထောင်မှော်၊ ဟောင်ပါးမှော်၊ တာစန်းကားမှော်၊ ဝေလုံမှော်၊ တန်ဂေါင်းရှင်းမှော်၊ မှော်သစ်ကသိုဏ်းတောင်၊ ကာလီချောင်းမှော်၊ စဖျိုရူးမှော်၊ ရေအေးချောင်းမှော်၊ မှော်ဂလုံမှော်၊ မှော်ဂလုံရေကြည်၊ ဆိုင်းတောင်မှော်၊ ဆိုင်းအောင်မှော်၊ နမ့်မဖြစ်မှော်၊ ပန်းတင်မှော်၊ တောမှော်(ရန်ပြို)၊ မြင်းမှော်၊ လွယ်ဂျောင်မှော်၊ လဂျောင်မှော်။

၂။ လုံးခင်း/ဖားကန့်ဒေသရှိမှော်နှင့် ကွက်ရပ်အလိုက် ကွင်းဆင်းစစ်ဆေးမည့်နေ့ရက်များကိုသက်ဆိုင်ရာ ရတနာနယ်မြေ/ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းရုံးများတွင် ကြေညာထားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားခဲ့ကြသည့် ကုမ္ပဏီ/အသင်း/ပုဂ္ဂလိကများအနေဖြင့် မိမိတို့လျှောက်ထားခဲ့ကြသော ဖော်ထုတ်လုပ်ကွက်(အသစ်)များကို မြေပြင်တွင်ပြသအစစ်ဆေးခံနိုင်ရန် အတွက် သက်ဆိုင်ရာရတနာနယ်မြေ/ဒေသများရှိ ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းရုံးများသို့ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ အချိန်မီသွားရောက်ဆက်သွယ် သတင်းပို့ကြပါရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

မြန်မာ့အလင်းသတင်းစာကြော်ငြာဌာန မြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် မတ် ၁၄

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် အမှတ်၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၆၈၄၃တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက်၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၁၁၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဂန္ဓမာလမ်းနေ သီလရှင်ဆရာမကြီး ဒေါ်သေီအား ရည်စူး၍ ဦးလှသောင်း-ဒေါ်ရင်ကြည်မိသားစုက ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့စာ အာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်း အောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထောက်ပံ့ငွေနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျိုက္ခတ် ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို မတ် ၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ရန်ကုန်-မန္တလေးလမ်း ပဲခူးမြို့တွင်း နိုင်လွန်ကတ္တရာခင်းကြိတ်မှု ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်အတူ မတ် ၁၂ ရက်တွင် ရန်ကုန်-မန္တလေးလမ်း (ထောက်ကြန့်-ပဲခူးအပိုင်း) ခြောက်လမ်းသွား လမ်းပြင်ဆင်ထိန်းသိမ်းမှုများကို လမ်းတစ်လျှောက်၌ ကြည့်ရှုစစ်ဆေးပြီး လမ်းအထူးအဖွဲ့ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)က ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့တွင်း ၄၈ မိုင်နှင့် ၄၈ မိုင် သုံးဖာလုံအတွင်း နိုင်လွန်ကတ္တရာ ခင်းကြိတ်နေသည့် လုပ်ငန်းသို့ရောက်ရှိကာ အဆင့်မြင့် ဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျော်လင်းက ပင်မတံတား သံပေါင်ကို မုပ္ပလင်ဘက်ကမ်းတိုင်အမှတ်(၅)မှ ရေလယ်တိုင် အမှတ်(၄)သို့တပ်ဆင်နေမှု၊ ချဉ်းကပ်လမ်းတံတားတိုင်များ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်မျက်ရတနာအရောင်းဆိုင် ကြည့်ရှုစစ်ဆေး

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များ ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှု သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာပြီး ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအကြို ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီအရောင်းဆိုင်များကိုလည်းကောင်း၊ ခန်းမဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက် အရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲရတနာအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

အာရှခြေစစ်ပွဲအောင်မြင်ထားသော မြန်မာအမျိုးသမီးဘောလုံးအသင်း ပဏာမလက်ရွေးစင် ၂၇ ဦးရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်မည်

ရန်ကုန် မတ် ၁၄

သတင်းဆောင်းပါး ကိုထွေး

၂၀၀၆ခုနှစ် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ထားသော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ရည်ရွယ်၍ အားကစားသမား၂၇ဦးဖြင့် ပြန်လည်ဖွဲ့စည်းကာ မကြာမီရက်ပိုင်းအတွင်း စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၀၆ ခုနှစ် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ လေ့ကျင့်မှုများကို အပြင်းအထန်ပြုလုပ်ကြရမည်ဖြစ်သည်။ အာရှအဆင့် အမျိုးသမီးဘောလုံးအသင်းများဖြစ်ကြသည့် တရုတ်အမျိုးသမီးအသင်း၊ ဂျပန်အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယား အမျိုးသမီးအသင်းတို့သည် ကမ္ဘာ့အဆင့်သို့ပင် ထိုးဖောက်ယှဉ်ပြိုင်နေသည့် အနေအထားဖြစ်၍ ပြိုင်ဘက်ကောင်းများနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ ပြီးခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း ဒုတိယဖြင့်ကျေနပ်ခဲ့ရသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားအချို့သည် အသက်အရွယ်ရလာပြီဖြစ်၍ ၎င်းတို့နေရာ၌ အစားထိုးနိုင်ရန် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းကို ၂၀၀၅ခုနှစ် အောက်တိုဘာလ၌ ဖွဲ့စည်းခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●

ထူးခြားသည့်နေ့အပူချိန်များ

မကွေး အောင်လံ ပြည်	၄၀ ဒီဂရီ စင်တီဂရိတ်